ထွင့်ခေါင်ဆရာတော်ဘုရားကြီး

၏

# ကာမ္မဋ္ဌာန်းသံပေါက်

လယ်တီဆရာတော်ဘုရားကြီး

၏

# ပဋိစ္စသမုပ္ပါဒ်အကျဉ်း

နှင့်

# ယမမင်းထံအာစစ်ခံသံပေါက်

၄.၃၆၄
၀ခ

ဖြန့်ချိရာဌာန
စာပေလောက စာအုပ်တိုက်
အမှတ်-၁၇၃၊ ၃၃-လမ်း။
ရန်ကုန်မြို့။

# ထွဋ်ခေါင်ဆရာတော်ဘုရားကြီး
၏
# ကမ္မဋ္ဌာန်းသံပေါက်

# လယ်တီဆရာတော်ဘုရားကြီး
၏
# ပဋိစ္စသမုပ္ပါဒ်အကျဉ်း
နှင့်
# ယမမင်းထံအစစ်ခံသံပေါက်

ဖြန့်ချိရေး

စာပေလောကစာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့
[ဖုံး - ၇၄၃၉၁]

[ဘာသာရေးဆိုင်ရာ စာမူ ကြိုတင်ခွင့်ပြု အမှတ် ၁၁၅၀၀]
[မျက်နှာဖုံး ကြိုတင်ခွင့်ပြု အမှတ် ၄]

မျက်နှာဖုံးဒီဇိုင်း
ဦးမြင့်မောင်
................

မျက်နှာဖုံးဘလောက်
ဇမ္ဗူဧ
................

မျက်နှာဖုံးပုံနှိပ်
မျိုးညွန့်ပုံနှိပ်တိုက်
(ကာလာကျောက်စိမ်း)
................

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၅၀၀၀)
................

ထုတ်ဝေခြင်း
၁၉၈၀၊ မတ်

[တအုပ် ၂ ကျပ်]

ဦးကိုကိုကြီး (၀၁၉၈၇) ဒေါင်းညီနောင် ပုံနှိပ်တိုက်၊ အမှတ် ၁၁၈၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်၍၊ ဦးကိုကိုကြီး (၀၁၄၈၄) ဒေါင်းညီနောင်စာပေ၊ အမှတ် ၁၁၈၊ ၃၃လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေသည်။

# မာတိကာ


၁။ ထွဋ်ခေါင် ဆရာတော် ၏
ကမ္မဋ္ဌာန်းသံပေါက်

၂။ လယ်တီဆရာတော်ဘုရားကြီး ၏
ပဋိစ္စသမုပ္ပါဒ်အကျဉ်း

၃။ ဆုံးမစာ

၄။ ယမမင်းထံအစစ်ခံသံပေါက်

# ထွဋ်ခေါင်ဆရာတော်
# ၏
# ကမ္မဋ္ဌာန်းသံပေါက်

၁။ သဗ္ဗေသတ္တာ၊ ဝေနေယျာ၊ သံသာရှည်လှပြီ။

၂။ အတည်ကျကျ၊ ဘယ်ဘဝ၊ ရကြွမရှိပြီ။

၃။ ရအုံနိုးနိုး၊ လောဘမျိုး၊ အကျိုးယုတ်လှပြီ။

၄။ သုံးပါးညီးညီး၊ လောင်မီးကျီး၊ ဖိစီးလှလေပြီ။

၅။ လောင်မှန်းမသိ၊ မောဟဖိ၊ မိမိမိုက်လှပြီ။

၆။ ပိုးဖလံမျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနည်းလှပြီ။

၇။ ကာမဂုဏ်ပွဲ၊ သည်မိုက်မဲ၊ မခွဲနိုင်ကြပြီ။

၈။ မခွဲနိုင်ကြ၊ လူ့ဗာလ၊ မိုက်စသိမ်းသင့်ပြီ။

၉။ ဂင်္ဂါသဲတူ၊ ပွင့်တော်မူ၊ ဆူဆူများလှပြီ။

၁၀။ များအသချေ၊ ရှင်စောထွေ၊ ရှောင်သွေလွှဲခဲ့ပြီ။

၁၁။ တဆူမသင့်၊ တဆူသင့်၊ ဖူးခွင့်တွေ့ထိုက်လှပြီ။

၁၂။ မတော်မလျား၊ ကျင့်ဖောက်ပြား၊ မိုက်အားကြီး

၁၃။ အလိုမလိုက်၊ သည်အမိုက်၊ ပယ်ထိုက်သင့်လှပြီ။

၁၄။ မပယ်မချိုး၊ ဆင်ကန်းတိုး၊ ဟုတ်နိုးထင်လှုပြီ။
၁၅။ ဟုတ်နိုးသမှု၊ ထင်တိုင်းပြု၊ ယခုတိုင်ခဲ့ပြီ။
၁၆။ တရားလက်လွှတ်၊ ငှက်တောင်ကျွတ်၊ ဝဋ်နှင့်မကင်းပြီ။
၁၇။ မနုဿတ္တ၊ ဒုလ္လဘ၊ မရမျှားလေပြီ။
၁၈။ အရတော်စွ၊ သည်ဘဝ၊ လှုလှုကျင့်ထိုက်ပြီ။
၁၉။ ကြုံကြိုက်တော်စွာ၊ သာသနာ၊ ရောင်ဝါထွန်းလှုပြီ။
၂၀။ သတိရရ၊ မြတ်ပုည၊ ပြုကြကောင်းသင့်ပြီ။
၂၁။ တနေ့ တနေ့၊ နက်ဖြန်ရွှေ၊ မမေ့ကောင်းသင့်ပြီ။
၂၂။ ငါ့ကိုယ် ငါ့သား၊ ငါ့မယား၊ ထင်မှားလှုလေပြီ။
၂၃။ ထင်မှားတတ်စွာ၊ သက္ကာယ၊ မိစ္ဆာကင်းသင့်ပြီ။
၂၄။ ငါးခုခန္ဓာ၊ ရုပ်နာမ်မှာ၊ မှန်စွာမှတ်သင့်ပြီ။
၂၅။ သမ္မာဿန၊ ဉာဏ်အစ၊ ထင်လှုသင့်ကြပြီ။
၂၆။ နင်ဖြင့် နင့်ကိုယ်၊ ဆုံးမဆို၊ နင့်ကိုယ်အမှုသည်။
၂၇။ နင်မဆုံးမ၊ နင့်တာဝ၊ ဘယ်က ခံလိမ့်မည်။
၂၈။ နှလုံးဖုံဖုံ၊ ထုံတုံတုံ၊ နင့်ပုံကြော့ကြမ်းသည်။
၂၉။ နင်နှင့် နင့်ကံ၊ စီရင်ဖန်၊ အမှန်ဖြစ်တော့သည်။
၃၀။ ယခုနင့်ကိုယ်၊ နင့်အလို၊ ဘယ်ကိုပြည့်စုံသည်။
၃၁။ နင့်ကိုယ် နင်နှစ်၊ နင့်အပြစ်၊ နင်ဖြစ်ခံရမည်။
၃၂။ နင့်ကိုယ် နင်အား၊ နင်မသနား၊ နင်မှားရှာတော့သည်။
၃၃။ ဒါန,သီလ၊ ဘာဝနာ၊နင်သာ ပြုသင့်သည်။
၃၄။ ဇာတိ,ဇရာ၊ မရဏာ၊ မကြာ နင်တွေ့မည်။
၃၅။ မျက်တောင်တရှက်၊ လျှပ်တပြက်၊ နင့်သက်သေလိမ့်မည်။

၃၆။ ဘယ်နှစ်ဘယ်လ၊ ရောက်ပါမှ၊ ကာလမရွေ့ပြီ။
၃၇။ ကြီးငယ်မဟူ၊ ကိုယ့်ရှယ်တူ၊ ခုမူ သေလှပြီ။
၃၈။ အမှန်သေရိုး၊ ထိုလူမျိုး၊ ကြောက်စိုးရွံ့သင့်ပြီ။
၃၉။ မသွင်းနှလုံး၊ အထင်ရှုံး၊ ပျက်ပြုန်းလှလေပြီ။
၄၀။ ခန္ဓာကြွေလျော၊ ရှိပြန်သော၊ ပူဇောလောင်လှပြီ။
၄၁။ သွားကျိုးဆံဖြူ၊ ရှိပြန်မူ၊ ဘယ်သူမကြောက်ပြီ။
၄၂။ ဤသည်မယား၊ ဤသည်သား၊ မိုးပွားမှန်တော့သည်။
၄၃။ ခယ ဝယ၊ ဘိဇ္ဇန၊ ပျက်ကြလှလေပြီ။
၄၄။ အပိ ယေဟိ၊ ပိဟေဟိ၊ ဒုက္ခိကြုံလေပြီ။
၄၅။ ဒုက္ခထွေထွေ၊ တပေပေ၊ ခံနေရလေပြီ။
၄၆။ နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့တောင်၊ ရောက်အောင်ပြုသင့်ပြီ။
၄၇။ မပြုပါဘဲ၊ နင်ရှောင်လွှဲ၊ နင်ဘဲမိုက်လှပြီ။
၄၈။ ယုတ္တိယုတ္တာ၊ နင်ဆင်ကာ၊ နင်သာဟန်များသည်။
၄၉။ ဘုရားသွားသွား၊ ကျောင်းသွားသွား၊ စိတ်ထား နင်မကြည်။
၅၀။ ဒါန့သီလာ၊ နင်ပြုကာ၊ စေတနာ ဇောမကြည်။
၅၁။ သို့စင် ပြုလို၊ နင့်ကုသိုလ်၊ ဘယ်ကိုပေးသိမ့်မည်။
၅၂။ လောကုတ္တရာ၊ မြိုက်သြဇာ၊ နင်သာဝေးလှသည်။
၅၃။ ဇောစိတ် သန်သန်၊ ကုသိုလ်မှန်၊ နင့်ကြံပြုရမည်။
၅၄။ သို့ပြုမှသာ၊ ပြည်ခေမာ၊ နင်သာ နည်းရမည်။
၅၅။ ဤသို့ စုံစေ့၊ ပြန်လှန်၍၊ စေ့စေ့လှလုံးတည်။
၅၆။ အန မတဂ္ဂ၊ သံသာရ၊ ကြာလှလေကုန်ပြီ။
၅၇။ ဂင်္ဂါဝါလု၊ ပမာပြု၊သဲစု မကပြီ။

၅၈။ တဏှာ၏နောက်၊ တကောက်ကောက်၊ လိုက်ထောက်မသင့်ပြီ၊

၅၉။ တဏှာမြစ်မ၊ ပင်လယ်ဝ၊ နစ်ကြလေကုန်ပြီ။

၆၀။ တဏှာလည်းပွား၊ ဒုက္ခများ၊ သွားရှုမဆုံးပြီ။

၆၁။ တဏှာပို့တင်၊ ပါယ်လေးခွင်၊ လျှင်စွာရောက်လေပြီ။

၆၂။ သေမင်းနိုင်ငံ၊ အဖန်ဖန်၊ လိုက်ပြန်ရလေပြီ။

၆၃။ ဝေဘူတောင်မျှ၊ ပမာပြ၊ အရိုးမကပြီ။

၆၄။ နစ်တုံပေါ်တုံ၊ သုံးပါးဘုံ၊ ကြုံရလှလေပြီ။

၆၅။ ချမ်းသာမငွေ့၊ ဆင်းရဲတွေ့၊ ငြီးငွေ့သင့်လှပြီ။

၆၆။ အဝိဇ္ဇာအန္ဓ၊ သည်မောဟ၊ ညှဉ်းဆဲလှလေပြီ။

၆၇။ နီဝရဏ၊ ဆီးတားကြ၊ လမ်းစမဆုံးပြီ။

၆၈။ ဂတိငါးပါး၊ ဆုံလည်နွား၊ သွားရှုမဆုံးပြီ။

၆၉။ ဘဝတိုင်းသေ၊ သင်းချိုင်းမြေ၊ ပွားစေလှလေပြီ။

၇၀။ လမ်းကောက်လည်းသွား၊ လူအများ၊ အမှားကြိုက်ခဲ့ပြီ။

၇၁။ လမ်းကြောင်းမမှန်၊ မြိုက်နိဗ္ဗာန်၊ ကေန်လွဲခဲ့ပြီ။

၇၂။ ဘဝမဆုံး၊ ဒုက္ခတုံး၊ လုံးလုံး ခံရပြီ။

၇၃။ လောကစက္ခု၊ သဗ္ဗညု၊ ယခုရှိရက်မင်း။

၇၄။ ဘုရားဖြစ်ခါ၊ သာသနာ၊ ရောင်ဝါတဝင်းဝင်း။

၇၅။ မနုဿတ္တ၊ ဒုလ္လဘ၊ ရအောင်ခဲကြမင်း။

၇၆။ ဗြဟ္မာ့ပြည်က၊ အပ်ကိုချ၊ မြေကအပ်တစင်း။

၇၇။ အပ်သွားချင်းသာ့၊ ထိဘွယ်ရာ၊ ပမာမှတ်ကြမင်း။

၇၈။ နိယျာနိက၊ မြတ်ဓမ္မ၊ ကြားရခဲ၏မင်း။

၇၉။ သဒ္ဓါဗလဝ၊ ဒုလ္လဘ၊ ရအောင်ခဲကြမင်း။

၈၀။ အရတော်ခိုက်၊ လူဟုသိုက်၊ ခဲလိုက်ကြကုန်မင်း။

၈၁။ ကိုယ်ဘို့မရ၊ သည်နောင်တ၊ ဖြစ်တတ်ကြ၏မင်း။

၈၂။ ဤသို့ဘဝ၊ ဖြစ်သမျှ၊ ရမည်ခဲ၏မင်း။

၈၃။ ထူးမြတ်စွာလှ၊ လူ့ဘဝ၊ နှမြောကြကုန်မင်း။

၈၄။ မြတ်သည်ကိုမှ၊ မသိကြ၊ ဗာလ နှလုံးသွင်း။

၈၅။ ဗာလဖြစ်က၊ လူ့ပါပ၊ ကြာကြကုန်ပြီမင်း။

၈၆။ လူဖြစ်ကျိုးမှ၊ မခံရ၊ ရှုံးကြလေ၏မင်း။

၈၇။ ဘဝတိုင်းရှုံး၊ လူ့ကျောက်တုံး၊ စုံးစုံးမြုပ်၏မင်း။

၈၈။ စုံးစုံးမြုပ်ခါ၊ မပေါ်လာ၊ ကြမ္မာမှောက်၏မင်း။

၈၉။ နိဗ္ဗာန်လမ်းစ၊ ဤသို့ပြ၊ မှတ်ကြ နှလုံးသွင်း။

၉၀။ ကလျာဏမိတ္တ၊ ပဏ္ဍိတ၊ ပေါင်းဖော်ရ၏မင်း။

၉၁။ ထိုကလျာဏ ဆိုဆုံးမ၊ လိုက်နာရ၏ မင်း။

၉၂။ ယောနိသော မန၊ သိကာရ၊ နေ့ည နှလုံးသွင်း။

၉၃။ သီလ ဓုတင်၊ ဆောက်တည်လျှင်၊ သည်တွင်အစမင်း။

၉၄။ အလောဘ၊ အဒေါသ၊ အမောဟ၊ နိက္ခမ၊ ဝိဝေက၊ နိသရဏ၊ ဤခြောက်ဝကို၊ အလိုရှိကြမင်း။

၉၅။ ရွှေပြည်သနစ်၊သာသည့်ခေတ်၊ စိစစ်ကြကုန်မင်း။

၉၆။ ရွှေပြည်ချမ်းသာ၊ စံချင်ရှာ ဆိတ်ငြိမ်ရာသို့ချဉ်း။

၉၇။ အနိစ္စကောင်၊ ဒုက္ခကောင်၊ အနတ္တကောင်၊ အသုဘကောင်၊ ထင်အောင် နှလုံးသွင်း။

၉၈။ အနိစ္စတုံး၊ ဒုက္ခတုံး၊ အနတ္တတုံး အသုဘတုံး၊ လုံးလုံးမှတ်ကြမင်း။

၉၉။ ဤသို့ထင်မှ၊ မဂ်လမ်းစ၊ ရမည်မှန်စင်းစင်း။

၁၀၀။ မဂ္ဂင်ဖောင်ကြီး၊ တက်၍စီးမှ၊ ပြည်ကြီးအမတ၊ နိဗ္ဗာန၊ ရမည်မှတ်ကြမင်း။

၁၀၁။ ယခုဘဝ၊ မသိကြ၊ အမတမည်ခေါ် ရွှေပြည်တော်၊ အစော်မနံ့လျှင်း။

[ ကမ္မဋ္ဌာန်းသံပေါက် ဤတွင်ပြီး၏ ]

မုံရွာမြို့၊ လယ်တီတောကျောင်း

လယ်တီဆရာတော်ဘုရားကြီး မဟာမေဓာဝီသို့ကြွရာ

မန္တလေးမြို့တော်မှ

၁၂၅၇ ခု၊ တပို့တွဲလပြည့်ကျော် (၃) ရက်

ရန်ကုန်ထွက် မီးရထားပေါ်တွင်

စီစဉ်ရေးသားသော

# ပဋိစ္စသမုပ္ပါဒ်အကျဉ်း

# ပဋိစ္စသမုပ္ပါဒ်အကျဉ်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ**

အဝိဇ္ဇာ ပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝ ပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ-မရဏံ၊ သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

(ပဋိစ္စ သမုပ္ပါဒ် အနုလောမပါဠိ)

## အဝိဇ္ဇာပစ္စယာသင်္ခါရာ ဆောင်ပုဒ်

ဗောဓိရတနာ၊ ယာဉ်စကြာဖြင့်၊ သစ္စာလေးရပ်၊ လေးကျွန်းပတ်သည့်၊ နတ်ဝိသုဒ္ဓိ၊ တုမရှိအား၊ တြိဒွါရ၊ ရှိဦးခလျက်၊ ဘဝသုံးပါး၊ ဟုန်းဟုန်းသွားသည်၊ ရထားသံသရာ၊ ယာဉ်စကြာ၏၊ ခြင်းရာထုပ္ပတ်၊ သမုပ္ပါဒ်ကို၊ အတတ်သိရန်၊ နိဒါန်းပြန့်ပို့မ့်၊ အမှန်လေးချက်၊ သဘောနက်ကို၊ ဖုံးဝှက်ကွယ်ကာ၊ အဝိဇ္ဇာဟု၊

မဟာတမ၊ မှောင်ကြီးကျ၍၊ ဘဝမြုံသိုက်၊ ရှိန်ရှိန်အိုက်သား၊
အမှိုက်မီးစား၊ ဤခန္ဓာကို၊ တွယ်တာသမှု၊ အကြောင်းပြု၍၊
ဒုစရိုတ၊ ဓမ္မညစ်ဆိုး၊ အပြစ်မျိုးကို၊ ကြိုးကြိုးပမ်းပမ်း၊ နေ့စဉ်
ထမ်းသည်၊ ပါယ်လမ်းဗီဇ၊ အပုညနှင့်၊ ဘဝနောင်ခါ၊ သံသရာ၌၊
လူ့ရွာနတ်ငြိမ်း၊ စည်းစိမ်သွမ်းကို၊ ချမ်းသာအတိ၊ အထင်ငြိလျက်
ဂတိနောင်ကို၊ ကောင်းစေလို၊ ဟုကုသိုလ်အရိုး၊ အမျိုးမျိုးကို၊
ကြိုးကြိုးစားစား၊ ပြုတုံငြားက၊ ဆယ်ပါးပုည၊ အနေဥာဟု၊
ဘဝနှိုးရင်း၊ ပွားတုံလျှင်းသည်၊ ဝဋ်ခင်းဝဋ္ဋနွယ် ရှည်သတည်း။

ဗောဓိရတနာ၊ ယာဉ်စကြာ ဆိုသည်ကား–သစ္စာလေးပါးကို ထိုးထွင်း၍ သိနိုင်သော အရဟတ္တ မဂ်ဉာဏ်တော်ကြီးကို ဆိုသည်။

ဘဝသုံးပါးဆိုသည်ကား–ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ ဤသုံးပါးကိုဆိုသည်။ ခြင်းရာထုပ္ပတ် ဆိုသည်ကား၊ ဖြစ်ပုံ အခြင်းအရာ အတ္ထုပ္ပတ္တိကိုဆိုသည်။

အမှန်လေးချက်၊ သဘောနက်ကို ဖုံးဝှက်ကွယ်ကာ၊ အဝိဇ္ဇာ ဆိုရာ၌ ဒုက္ခသစ္စာ၊ သမုဒယ သစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ ဤလေးပါးကို အမှန်လေးချက် ဆိုသည်။ ထိုလေးပါး၏ သဘောသည် အလွန်နက်နဲ၏၊ သိနိုင်ခဲ၏၊ မြင်နိုင်ခဲ၏၊ ထိုသို့ နက်နဲသော သဘောလေးချက်ကို အဝိဇ္ဇာသည် ဖုံးလွှမ်း၍ နေ၏၊ သို့ဝှက်ကွယ်ကာ၍နေ၏၊ ထိုသို့နေသော အဝိဇ္ဇာကို မဟာတမဆိုသည်၊ အထုအထည် ကြီးကျယ်လှစွာသော မှောင် လုံးကြီး မှောင်ခဲကြီး ဆိုလိုသည်။ သတ္တဝါတို့၏ စိတ်အစဉ်၌ ထိုမှောင်လုံးကြီး မှောင်ခဲကြီး ကိန်းဝပ်၍နေသည်ကို မှောင်

ကြီးကျဟု ဆိုသတည်း။ ပုထုဇ္ဇဉ် သတ္တဝါတို့၏ စိတ်ထဲမှာ ထို
မှောင်ဓာတ်ကြီး ကိန်းဝပ် တည်ထောင်၍ နေသောကြောင့်၊
အပုညာဘိသင်္ခါရ၊ ပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရဟု ဆို
အပ်သော သင်္ခါရတရား သုံးပါး ဖြစ်ပွားကာ နေကြသည်။
ဘဝမြုံသိုက်၊ ရှိန်ရှိန်အိုက်သား၊ အမှိုက်မီးစာ၊ ဤခန္ဓာကို၊
တွယ်တာသမှု၊ အကြောင်းပြု၍၊ ဒုစရိတ၊ မမှညစ်ဆိုး၊ အပြစ်
မျိုးကို၊ ကြိုးကြိုးပမ်းပမ်း၊ နေ့စဉ်ထမ်းသည်၊ ပါယ်လမ်းဗီဇ၊
အပုညနှင့် ဤ ၁၃ ပုဒ်ဖြင့်၊ အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရ
ဖြစ်ပုံကို ပြသည်။ ဘဝနောင်ခါ သံသရာ၌၊ ဆယ်ပါးပုညာ၊
အာနေဉ္ဇာဟု၊ ဤ ၁၃ ပါးပုဒ်တို့ဖြင့် အဝိဇ္ဇာကြောင့်၊ ပုညာ
ဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ နှစ်ပါး ဖြစ်ပွားပုံကို ပြသည်။
အဝိဇ္ဇာကြောင့် ထိုသင်္ခါရသုံးပါးတို့၏ ဖြစ်ပွားပုံကို အကျဉ်း
အားဖြင့်လည်းကောင်း၊အလတ်အားဖြင့်လည်းကောင်းအကျယ်
အားဖြင့်လည်းကောင်း ထင်ရှားသိသာအောင် ပြပေအံ့။ ယခု
မျက်မြင်ထင်ရှား ရှိနေသော ကိုယ်ခန္ဓာစုသည် ဒုက္ခသာအမှန်
ဖြစ်၏။ ထိုသို့ဖြစ်သော်လည်း အဝိဇ္ဇာဟူသောအမှောင်ဓာတ်
ကြီး ဖုံးပိတ်ကွယ်ကာ၍ ထားသောကြောင့် ဒုက္ခအနေအားဖြင့်
မထင်နိုင်ကြ။မမြင်နိုင်ကြ။ သုခ အနေအားဖြင့်သာ ထင်ကြမြင်
ကြသည်။ သုခအနေအားဖြင့်သာ ထင်ကြ မြင်ကြ သောကြောင့်
ငါ့ကိုယ် ငါ့ကိုယ်ဟု ခင်ကြမင်ကြ စွဲလမ်းကြကုန်သည်။ ခင်ကြ
မင်ကြ စွဲလမ်းကြသောကြောင့် ယခုမျက်မြင်ထင်ရှား ရှိနေ
သော ဤကိုယ်ခန္ဓာအတွက်နှင့် သူ့အသက်ကိုသတ်ခြင်း၊ သူ့
ဥစ္စာကို ခိုးယူခြင်းအစ ရှိသော ဒုစရိုက်ဆယ်ပါးကို ပြုနိုင်ကြ
သည်။ ထို ဒုစရိုက်ဆယ်ပါး အကုသိုလ်တရားတို့ကို အပုညာ·

ဘိသင်္ခါရဆိုသည်။ အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရ တရား ဖြစ်ပွားပုံ အကျဉ်းပြချက်ပြီး၏။

နောင် အနာဂါတ်ဘဝ၌ ဖြစ်ရလတ္တံ့သော လူ့ခန္ဓာ၊ နတ်ခန္ဓာစုသည်လည်း ဒုက္ခသာ အမှန်ဖြစ်၏။ ထိုသို့ဖြစ်သော်လည်း၊ အဝိဇ္ဇာဟူသော အမှောင်ဖေတ်ကြီး ဖုံးပိတ်ကွယ်ကာ၍ နေသောကြောင့် ဒုက္ခအနေအားဖြင့် မထင်နိုင်ကြ၊ မမြင်နိုင်ကြ၊ သုခအနေအားဖြင့်သာ ထင်ကြ မြင်ကြရသည်။ သုခအနေ အားဖြင့်သာ ထင်ကြ မြင်ကြရသောကြောင့် ယခုခန္ဓာ ပျက်ဆုံးလျှင် ကောင်းမြတ်ရာဘုံဘဝ၌ အသစ်သော လူ့ခန္ဓာ-နတ်ခန္ဓာကို ရလိုသောအတွက်ကြောင့်၊ ဒါန-သီလ အစရှိသော သုစရိုက်ဆယ်ပါး ကုသိုလ်တရားတို့ကို ကြိုးကြိုးစားစား အားထုတ်ကြကုန်သည်။ ထိုသုစရိုက်ဆယ်ပါး ကုသိုလ်တရားတို့တွင် ကာမ ကုသိုလ်တရား၊ ရူပကုသိုလ် တရားတို့ကို ပုညာဘိသင်္ခါရ ဆိုသည်။ အရူပ ကုသိုလ်တရားတို့ကို အာနေဉ္ဇာဘိသင်္ခါရ ဆိုသည်။ အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရတရား၊ အာနေဉ္ဇာဘိ သင်္ခါရ တရားနှစ်ပါးတို့ ဖြစ်ပွားပုံ အကျဉ်းပြချက်ပြီး၏။

ယခုမျက်မြင်ထင်ရှား ရှိနေသော ဤကိုယ်ခန္ဓာစုမှာ ဒုက္ခ အချက် အနက်လေးပါး ထင်ရှားရှိနေ၏။ "ပီဠနဋ္ဌော" ပင်္ဂိသန္တေ တည်နေသည်မှ သေနေ့ကျအောင်၊ အဇ္ဈတ္တဘေးရန် ဗဟိဒ္ဓဘေးရန်တို့သည် တရံမစဲ အမြဲကျဉ်းကျပ်၊ ညှဉ်းပန်းအပ်သော ဒုက္ခသဘော။ "သင်္ခတဋ္ဌော" ဝတ်မှု စားမှု၊ အစုစုတို့ဖြင့် ပြုစုကျွေးမွေးမှုရသော ဒုက္ခသဘော။ "သန္တာပဋ္ဌော" ဆောင်းမှုညာမှု၊ နာမှုကျင်မှု၊ အစုစုတို့ဖြင့် တရံမစဲ အမြဲပူပန်

သော ဒုက္ခသဘော။ "ဝိပရိဏာမဋ္ဌော" ယနေ့တပုံ၊ နက်ဖြန်တကွဲ၊ အနိုန်ငဲ့လျှင်၊ ဘောက်လဲ ဘောက်ပြန် ဖြစ်တတ်သော ဒုက္ခသဘော။ ဤကား သူသူငါငါ ကိုယ်ခန္ဓာ၌ သိသာ ထင်ရှားသော ဒုက္ခအချက်အနက် လေးပါးပေတည်း။ လွန်လေပြီးသော ခန္ဓာစု၊ နောင် ဖြစ်လတ္တံ့သော ခန္ဓာစုတို့မှာလည်း ပြဆိုခဲ့ပြီးသော ဒုက္ခအချက် အနက်လေးပါး ထင်ရှားရှိကြသည်သာတည်း။

မိမိသန္တာန်တွင် ထင်ရှားရှိနေသော လောဘတဏှာမှာ သမုဒယအချက်အနက်လေးပါး ထင်ရှားရှိပေ၏။ အာယူဟနဋ္ဌော-ဒုက္ခတ္တ၊ ဒုက္ခမှုတို့ကို ပွားထက် ပွားအောင် များထက် များအောင်အားထုတ်စုဆောင်းခြင်းဟူသော သမုဒယသဘော၊ နိဒါနဋ္ဌော-ဒုက္ခတ္တ၊ ဒုက္ခမှုတို့ကို မပြတ်မစဲ အမြဲဆောင်နှင်းခြင်းဟူသော သမုဒယသဘော၊ သံယောဂဋ္ဌော-သူသူငါငါ၊ သတ္တဝါနှင့် သံသရာစီးပွား ဤနှစ်ပါးကို အခိုင်အမြဲ ယှဉ်တွဲဖွဲ့နှောင်ခြင်းဟူသော သမုဒယသဘော၊ ပလိဗောဓဋ္ဌော-ဒုက္ခဝဋ်မှ မလွတ်ရအောင် နှောင့်ယှက်တတ်သော သမုဒယသဘော လောဘတရားမှာ ထင်ရှားရှိနေသော သမုဒယအချက်အနက် လေးပါးပြီး၏။

ဒုက္ခအချက် အနက်လေးပါးကို ကောင်းကောင်းမြင်မှ ဤကိုယ်ခန္ဓာကိုစွန့်ပစ်နိုင်သည်။ သမုဒယအချက်အနက်လေးပါးကို ကောင်းကောင်းမြင်မှ တဏှာလောဘကို ပယ်နိုင်သည်။ ဒုက္ခအချက်အနက်လေးပါး ထင်ရှားရှိနေသောကြောင့် ဤ ကိုယ်ခန္ဓာကို ဘဝမြုံသိုက်၊ ရှိန်ရှိန်အိုက်သား၊ အမှိုက်မီးစာ၊ဤခန္ဓာဟုဆိုပေသည်။ ဤကိုယ်ခန္ဓာ၌ ဒုက္ခအချက်အနက်လေးပါးကို

ထင်ရှားအောင်မမြင်ကြသောကြောင့် ဤကိုယ်ခန္ဓာအတွက်နှင့် ဒုစရိုက်ဆယ်ပါး အကုသိုလ်တရားတို့ကို ပြုနိုင်ကြသည်။နောက် ဘဝ၌ ဖြစ်ရလတ္တံ့သော လူ့ခန္ဓာ၊ နတ်ခန္ဓာတို့၌ ဒုက္ခ အချက် အနက်လေးပါး ထင်ရှားရှိနေသောကြောင့် ဘဝနောင်ခါ သံသရာ၌၊ လူ့ရွာနတ်ငြိမ်း၊ စည်းစိမ်သွမ်းဟု ဆိုပေသည်။ အလတ်ပြချက်ပြီး၏။

ဤကိုယ်ခန္ဓာ၌ စက္ခုဟူသော အမြင်ဓာတ်တခု၊ သောတဟူသော အကြားဓာတ်တခု၊ ဃာနဟူသော အနံ့ဓာတ်တခု၊ဇိဝှာဟူသော အရသာကိုသိမှုဓာတ်တခု၊ ကာယဟူသော အတွေ့အထိကို သိမှုဓာတ်တခု၊ မနောဟူသော အကြံအစည်ဓာတ်တခု၊ဤခြောက်ခုသောဓာတ်တို့သည် အသီးသီး ဒုက္ခအချက်အနက် လေးပါးစီရှိကြ၏။ ငါမြင်သည်ဟု ဖြစ်သော တဏှာသည် စက္ခု၌ တွယ်တာသောတဏှာမည်၏။ငါကြားသည်ဟု ဖြစ်သောတဏှာ သောတ၌ တွယ်တာသောတဏှာမည်၏။ ငါနံ့သည်ဟုဖြစ်သော တဏှာသည် ဃာန၌တွယ်တာသောတဏှာမည်၏။ငါအရသာကို ခံစားသည်ဟု သိသောတဏှာသည် ဇိဝှာ၌တွယ်တာသောတဏှာ မည်၏။ငါတွေ့သည် ငါထိသည်ဟုဖြစ်သောတဏှာသည် ကာယ ၌ တွယ်တာသောတဏှာမည်၏။ ငါကြံသည် ငါသိသည်ဟု ဖြစ် သောတဏှာသည် မနော၌တွယ်တာသော တဏှာမည်၏။ ဤ ခြောက်ပါးသောတဏှာတို့သည်အသီးသီးသမုဒယအချက်အနက် လေးပါးစီရှိကြကုန်၏။ ရှေးရှေး၌ ကွယ်လွန်ခဲ့ပြီးသော ခန္ဓာစု၊ တဏှာစု၊ နောက်နောင်၌ဖြစ်လတ္တံ့သော ခန္ဓာစု၊ တဏှာစုတို့ မှာလည်း ဒုက္ခအချက်၊ သမုဒယအချက်အနက်လေးပါးစီ ရှိကုန် ၏။ ဒုက္ခအချက်အနက်လေးပါးကို ကောင်းစွာမြင်မှ စက္ခုမှုကို

ကြောက်ဖွယ်ထင်နိုင်သည်။ သောတမှုကို ကြောက်ဖွယ်ထင်နိုင်သည်။ ဃာနမှုကို ကြောက်ဖွယ်ထင်နိုင်သည်။ ဇိဝှာမှုကို ကြောက်ဖွယ်ထင်နိုင်သည်။ ကာယမှုကိုကြောက်ဖွယ်ထင်နိုင်၏။ မနောမှုကို ကြောက်ဖွယ်ထင်နိုင်သည်။ စက္ခု-သောတ စသောခြောက်ပါးကို ကြောက်လန့်ဖွယ်ဟုထင်နိုင်မှုထိုခြောက်ပါးကို တွယ်တာသော တဏှာခြောက်ပါးကိုလည်းကြောက်ဖွယ် လန့်ဖွယ်အနေထင်နိုင်သည်။ ယခုမျက်မြင်တွင် ထင်ရှားရှိနေသော ဓာတ်ခြောက်ပါး၊ တဏှာခြောက်ပါးတို့၌ ဖုံးလွှမ်းကွယ်ကာသော အဝိဇ္ဇာအတွက်ကြောင့် စက္ခုစသော ဓာတ်ခြောက်ပါးကို ခင်တွယ်၍၊ပါဏာတိပါတစသော အပုညာဘိ သင်္ခါရတို့ကို ပြုကြသည်။ အနာဂါတ် ဓာတ်ခြောက်ပါးကို ခင်တွယ်၍ နောက်နောင်အသစ်ဖြစ်ပွားခြင်းအကျိုးငှာ ဒါန၊သီလ စသော ပုညာဘိ သင်္ခါရများကို အားထုတ်ကြသည်။ အကျယ်ပြချက်ပြီး၏။

## သင်္ခါရပစ္စယာ ဝိညာဏံ ဆောင်ပုဒ်

ဝဠ်ခင်းဝဋ်နွယ်၊ ရှည်ကြောင်းရှယ်သား၊ ဆယ်ဖြာပုညာ၊ အပုညနှင့်၊ ဘဝနီးရင်း၊ ပွားထုံလျှင်းသော်၊ လေးသင်းပါယ်ရွာ၊ အဖြာဖြာလျှင်၊ ဗြဟ္မာ့လူ့နတ်၊ ဘုံသုံးရပ်၌၊ ဓာတ်ပဓာန၊ ပြဋ္ဌာန်းလှသား၊ ဒွါရသခင်၊ ခြောက်ဝိညာဉ်ဟု၊ အရှင်ဓာတ်မင်း၊ ပေါ်တုံလျှင်း၍၊ ကိုယ်တွင်း့ ကိုယ်ပြင်၊ ထွက့် ဝင်တံခါး၊ အင်ခြောက်ပါး၌၊ အများရုပ်နာမ်၊အတန်တန်လျှင်၊ဝန်းရံဖြိုးဖြိုး၊အမျိုးမျိုးကို၊အုပ်စိုးဆောင်ရွက်၊လျှမ်းလျှမ်းတက်လျှင်၊ ထက်မြက်တေဇာ၊ သူ့ရှိန်ဝါကြောင့်၊ ငါငါသူသူ၊ လူဘဲ့နတ်ဘဲ၊ အထင်လွဲလျက်၊ ငရဲအပါယ်၊ အသွယ်သွယ်လျှင်၊

ဝဋ်နွယ်ရှည်လျား၊ တမားမားသည်၊ ခြောက်ပါးဝိညာဉ် စွမ်းရည်တည်း။

ဒုစရိုက်ဆယ်ပါးတည်းဟူသော အပုညာဘိ သင်္ခါရတရား ပွားများသည်အတွက်ကြောင့် နောက်ဘဝ၌ အပါယ်လေးဘုံတွင် ဝိညာဉ်ဟူသော ပဓာနဓာတ် ဖြစ်ပေါ်မြဲ။ သုစရိုက် ဆယ်ပါးတည်းဟူသော ပုညာဘိသင်္ခါရတရား ပွားများမှုကြောင့် လူ့ဘုံနတ်ပြည်ခြောက်ထပ်၊ ရူပ ၁၅ ဘုံ၊ ဤ ၂၆ ဘုံတွင် ဝိညာဉ်ဟူသော ပဓာနဓာတ်တခုဖြစ်ပေါ်မြဲ။ အရူပကုသိုလ်လေးခုဟူသော အာနေဉ္ဇာဘိသင်္ခါရတရား ဖြစ်ပွားမှုကြောင့် နောက်ဘဝ၌ အရူပလေးဘုံတွင် အရူပဝိညာဉ်ဟူသော ပဓာနဓာတ်တခုဖြစ်ပေါ်မြဲ။ စိတ်ကိုပင် ဝိညာဉ်ခေါ်သည်။ ထိုဝိညာဉ်ကိုပင်လျှင် စက္ခု၊ သောတ အစရှိသော ဒွါရခြောက်ပါးတို့၌ အကြီးအကဲဖြစ်ပေ၍ ဒွါရသခင် ခြောက်ဝိညာဉ်ဆိုသည်။ အရှင်ဓာတ်မင်းလည်းဆိုသည်။ ထိုဝိညာဉ်ကိုပင်လျှင် ဖဿ၊ ဝေဒနာ စသော နာမ်အပေါင်း၊ ရုပ်အပေါင်းတို့ ဝန်းဝိုင်းခြံရံကြကုန်သည်။ ထိုဝိညာဉ်ဟူသော အရှင်သခင် ဓာတ်မင်းသည်ပင်လျှင် မြင်ခြင်း၊ ကြားခြင်း အစရှိသောအမှုမျိုးတို့ကို အုပ်စိုးဆောင်ရွက်တတ်ပေသည်။ ထိုဝိညာဉ်ဟူသော ဓာတ်မင်းသည်ပင်လျှင် တခုခုသော ကိုယ်ကောင်အတွင်း၌ လျှမ်းလျှမ်းတက်၊ ထက်မြက်သော တန်ခိုးတေဇာ အရှိန်အဝါတို့ဖြင့် သွားခြင်းလာခြင်း၊ ပြောဆိုခြင်း၊ ပြုခြင်းမူခြင်း အစရှိသောကိစ္စတို့ကို ပြည့်စုံပြီးစီးစေသည်ဖြစ်၍ ပုဂ္ဂိုလ်ဘဲ၊ သတ္တဝါဘဲ၊ ငါဘဲ၊ သူဘဲ၊ မိန်းမဘဲ၊ ယောကျ်ားဘဲ အစရှိသဖြင့် အထင်အယူမှောက်မှား၍ အပါယ်လေးပါးမှမလွတ်နိုင်။ သံသရာမှမလွတ်နိုင်။ ဝဋ်နွယ်ရှည်လျား

တမားမားနေကြရသည်ဟု ဆိုသည်။ ဝိညာဉ်ခြောက်ပါး ဆိုကျ
သည်ကား စက္ခုဒွါရမှာ ဖြစ်ပေါ်သော စက္ခုဝိညာဉ်တပါး။
သောတဒွါရမှာဖြစ်ပေါ်သော သောတဝိညာဉ်တပါး။ ဃာန
ဒွါရမှာဖြစ်ပေါ်သော ဃာနဝိညာဉ်တပါး။ ဇိဝှာဒွါရမှာ ဖြစ်
ပေါ်သော ဇိဝှာဝိညာဉ်တပါး။ ကာယဒွါရမှာဖြစ်ပေါ်သော
ကာယဝိညာဉ်တပါး။ ဟဒယဝတ္ထုမှာဖြစ်ပေါ်သော မနော
ဝိညာဉ်တပါး။ ဤခြောက်ပါးတည်း။

## ဝိညာဏ ပစ္စယာ နာမရူပံ ဆောင်ပုဒ်

ခြောက်ပါးဝိညာဉ်၊ စွမ်းရည်အင်ကြောင့်၊ မီးတွင်ရှိန်ဝါ၊
ထက်ကြပ်ပါသို့၊ မက္ခာတူကွ၊ ဖြစ်ပေါ်ကြသား၊ ဖဿဝေဒနာ၊
စေတနာနှင့်၊ သညာ,ဝိတက်၊ ရောင်စုံယှက်သည်၊ အမျက်
ကြောင်ဝယ်၊ ကြိုးစုံချယ်သို့၊ အသွယ်အသွယ်၊ အနွယ်နွယ်လျှင်၊
ဆန်းကြယ်စွာလှ၊ နာမ်ကာယနှင့်၊ ဘူတဟူပေ၊ မြေ ရေ လေ
မီး၊ ဓာတ်ကြီးလေးတန်၊ အမာခံလျက်၊ အရံရုပ်သေး၊ နှစ်ဆယ်
လေးနှင့်၊ ပေါင်းထွေးမျှညီ၊ အဋ္ဌဝီသ၊ ရုပ်ကာယဟု၊ နာမရူပ၊
ဓမ္မအပြား၊ ဤနှစ်ပါးလည်း၊ ထင်ရှားစုံစွာ၊ ပေါ်တုံလာ၍၊
နာနာကာယ၊ အနန္တလျှင်၊ ရူပရုပ်ဟန်၊ သဏ္ဌာန်အမူ၊ ဇာတ်
မတူသည်၊ လူအရပ်ရပ်၊ နတ်အထွေထွေ၊ ရေမျိုး ကုန်းမျိုး၊
ကောင်ဆိုးယုတ်ညံ့၊ အကန့်ကန့်လျှင်၊ ခြားသန့်ပေါ်ယယ်၊ သော
ကြွယ်ကြွယ်သည်၊ နှစ်သွယ်နာမ်,ရုပ် စွမ်းရည်တည်း။

နောင်ဘဝ၌ ဝိညာဉ်ဟူသော ပဓာနဓာတ်မင်း ဖြစ်ပေါ်
လျှင်၊ ဖဿ-ဝေဒနာ၊ စေတနာနှင့် သညာဝိတက် အစရှိသော

စေတသိက်တရားတည်းဟူသော နာမ်၊ မဟာဘုတ်လေးပါးအစ ရှိသော ရုပ်၊ ဤနာမ်ရုပ်တရားနှစ်ပါးတို့သည် ထိုဝိညာဏ်နှင့် ပင် ထက်ကြပ်တူကွ ပေါ်ကုန်ကြသည်။

ဥပမာ။ ။ကြီးစွာသော မီးတောက်ကြီးတခု တောက် လိုက်လျှင် ထိုမီးတောက်မှ အဝေးအနီး ထွက်သော အရှိန် အရောင်အဝါတို့သည် ထိုမီးတောက်နှင့် တပြိုင်နက်ဖြစ်ပေါ် သကဲ့သို့တည်း။ တပြိုင်နက်ဖြစ်ပေါ်ပုံဥပမာ။ အမျက်ကြောင် ဝယ်၊ ကြိုးစုံချယ်သို့ဟူသော ဥပမာ၌၊ ဝေဘူလတောင်ရှိ ကြောင်မျက်ရွဲ ကျောက်ကြီးမှာ အနီ-အဝါ စသော ကြိုး ပေါင်း အရာမက ချယ်လယ်လျက် ရှိသကဲ့သို့၊ စိတ်ဝိညာဉ် မှာလည်း စေတသိက်နာမ်တည်းဟူသော ကြိုးတို့ဖြင့် ချယ် လယ်သည်။အသွယ်အသွယ်၊အနွယ်နွယ်လျှင်၊ဆန်းကြယ်စွာလှ၊ နာမ်ကာယဆိုသည်ကား။ဖဿ-ဝေဒနာ-စသော၊ဝိတက်,ဝိစာရ စသော၊ မောဟ-အဟိရိက စသော၊သဒ္ဓါ, သတိ စသော စေ တသိက်တို့ကိုပင် နာမ်ကာယဆိုသည်။ အရံရုပ်သေး ၂၄ အရကို ရုပ်ပိုင်း အတိုင်း ဥပါဒါရုပ် ၂၄ ကိုပင်ဆိုသည်။ ဘူ တရုပ် ၄-ခု၊ ဥပါဒါရုပ် ၂၄ ခု၊ ပေါင်းရုပ် အဋ္ဌဝီသကို ရုပ် ကာယဆိုသည်။ ဤရုပ်ကာယ ထင်ရှားပေါ်သော အတွက် ကြောင့် ကိုယ်အမျိုးမျိုး ခေါင်းအမျိုးမျိုးအစရှိသော ရေနေ သတ္တဝါ အနန္တ၊ မြေနေ သတ္တဝါ အနန္တ၊ ကောင်းကင်နေ သတ္တဝါအနန္တဟု ရှိနေကြရသည်။ သဒ္ဓါ,သတိ အစရှိသော ကောင်းမြတ်သော နာမ်စု၊ မောဟ, အဟိရိက အစရှိသော မကောင်းသော နာမ်စု ထင်ရှားပေါ်သော အတွက်ကြောင့် သူတော်ကောင်း၊ သူယုတ်ဟူ၍ ရှိကြသည်။ သဒ္ဓါ၊ သတိ၊ဟိရိ၊

ဩတ္တပ္ပ အစရှိသော ကောင်းသောနာမ်တရား ဖြစ်ပွားလည်နေသောသူကို သူတော်ကောင်းသူမြတ်လောင်း ခေါ်ကြရသည်။ မောဟ၊ အဟိရိက၊ အနောတ္တပ္ပ အစရှိသော မကောင်းသောနာမ်တရား ဖြစ်ပွားလည်နေသောသူကို သူယုတ် သူဆိုးသူမကောင်း ဆိုသည်။

## နာမရူပ ပစ္စယာ သင်္ဂဟ ယတနံ့ ဆောင်ပုဒ်

ထင်ရှားစေ့စုံ၊အပုံပုံလျှင်၊ တည်တုံနာမ်ရုပ်၊ကိုယ်သမုတ်သားအထုပ်အထယ်၊ ကြီး,ငယ်ကာယ၊ ပေါ်ပြန်ကလည်း၊ ဒွါရတွင်မည်၊ ဖိတ်ဖိတ်လည်သည်၊ အကြည်ခြောက်မျိုး၊ ကိုယ်လုံးဖြိုးလျက်၊ အရိုးစီစဉ်၊ အမြင်စက္ခု၊ ကြားမှုသောတ၊ ဃာနအနံ၊ လျက်ရန် ဇိဝှါ၊ ကာယာတွေ့ထိ၊ အသိမနော၊ မရောမယှက်၊ တလက်လက်လျှင်၊ အမျက်စိန်ရည်၊ လဲ့လဲ့ကြည်သို့၊ ခြောက်မည်အာရုံ၊ အလုံးစုံလည်း၊ ပုံသဏ္ဍာန်ရိပ်၊ နိမိတ်အသွင်၊ အကုန်ထင်၍၊ ဤရှင်ဤလူ၊ ဤမူ နေ လ၊ ရူပသဏ္ဍာန်၊ အသံအမျိုး၊ အခိုးလှိုင်ပျံ့၊ရနံ့ထိုထို၊ အချို,အချဉ်၊ဤလျှင်အပူ၊ ဤပူအအေး၊ အတွေးအသိ၊ ပြည့်စုံဘိ၍၊ ငါ၏ဤကိုယ်၊ ငါ မင်း ပျိုဟု၊ အဆိုအထင်၊ အမြင်မှောက်မှား၊ စိတ်နေကြွားဘို့၊ တံခါးခြောက်သင်း၊ ကိုယ်လုံးလင်းသည်။ ခြောက်သင်းဓာတ်မှန် စွမ်းရည်တည်း။

စေတသိက်အပေါင်းအစုဟူသော နာမကာယ၊ မြေဓာတ်ရေဓာတ်-မီးဓာတ်-လေဓာတ်အစရှိသောရုပ်အပေါင်းဟုဆိုအပ်သော ရူပကာယ၊ ဤနာမကာယ,ရူပကာယ နှစ်ပါးဖြစ်ပေါ်၍

အကောင်အထည် ကြီးငယ်ကာယ ဖြစ်ပြန့်သောအခါ၊ ထို ကာယတို့ကို တန်ဆာဆင်ဘိသကဲ့သို့ အာရုံခြောက်ပါးကိုခံစား ခံစားခြင်းငှာ ဒွါရခြောက်ပါးဟု ဆိုအပ်သော အာယတန ခြောက်ပါး ထင်ရှားဖြစ်ပေါ်ရပြန်၏။ စက္ခုဟူသော အကြည် တပါး၊ သောတဟူသော အကြည်တပါး၊ ဃာန ဟူသော အကြည်တပါး၊ ဇိဝှါဟူသော အကြည်တပါး၊ ကာယဟူသော အကြည်တပါး၊ မနောဟူသော အကြည်တပါး၊ ဤခြောက်ပါး ကို ဒွါရခြောက်ပါးဟုလည်း ဆိုသည်။

ဒွါရဆိုသော်လည်း အာကာသ တံခါးပေါက်မျိုးဖြစ်၍ ဆို သည်မဟုတ်။ ဖလ်တံခါး မှန်တံခါး များကဲ့သို့ ဖိတ်ဖိတ်လည် သော အကြည်တံခါးမျိုးသာ ဖြစ်ပေသည်။ ထို့ကြောင့် အမျက်စိန်ရည်၊ လဲ့လဲ့ကြည်သို့ဟု ဆိုပေသည်။ စက္ခုအကြည် ကား မျက်လုံးအိမ်တွင်းမှာပေါ်သည်။ သောတအကြည်ကား နားအိမ်တွင်းမှာ ပေါ်သည်။ ဃာနအကြည်ကား နှာခေါင်း အိမ်တွင်းမှာ ပေါ်သည်။ ဇိဝှါအကြည်ကား လျှာပြင်မှာပေါ် သည်။ ကာယအကြည်ကား တကိုယ်လုံးအနှံ့အပြားပေါ်သည်။ မနောအကြည်ကား ရင်တွင်းရှိ နှလုံးအိမ်တွင်းမှာ ပေါ်သည်။ ရှေ့အကြည် ငါးပါးကား ရုပ်အကြည်စုပေတည်း။ မနော အကြည်မူကား နာမ်အကြည်ပေတည်း။ အတုမရှိ လျှမ်းလျှမ်း တောက်သော အကြည်ပေတည်း။ နေဝန်းသဏ္ဌာန်၊ လဝန်း သဏ္ဌာန် စသော အဆင်းသဏ္ဌာန်ဟူသမျှသည် စက္ခုအကြည် မနောအကြည် ဤအကြည်နှစ်ချက်၌ တပြိုင်နက် အရိပ်အသွင် ထင်ပြရသည်။ ထိုသို့ထင်ပြသောအခါ ဤသည်ကား နေဝန်း တည်း။ ဤသည်ကား လဝန်းတည်း စသည်ဖြင့် မြင်ကြသိကြ

ရသည်။ မိုဃ်းသံ လေသံ-စည်သံ-စောင်းသံ- အစရှိသော အသံမျိုး ဟူသမျှသည် သောတအကြည် မနောအကြည် ဤအချက်နှစ်ချက်မှာ ထင်ကြရသည်။ စပယ်စကား အစရှိသော အနံ့မျိုး၊ခွေးပုပ်-လူပုပ် အစရှိသော အနံ့မျိုး ဟူသမျှသည် ဃာနအကြည်၊ မနောအကြည်၊ ဤအချက်နှစ်ချက်မှာ ထင်ပြရသည်။ အချို အချဉ်စသော ရသာမျိုး ဟူသမျှသည် ဇိဝှါအကြည် မနောအကြည် ဤအကြည် နှစ်ချက်မှာ တင်ပြရသည်။ အပူအကြမ်း အနုဟူသော ဖောဋ္ဌဗ္ဗာရုံမျိုးဟူသမျှသည် ကာယအကြည်၊ မနောအကြည် ဤအကြည် နှစ်ချက်မှာ ထင်ပြရသည်။ ကြွင်းသမျှသော အကုသိုလ်စိတ် စေတသိက် အစရှိသော ဓမ္မာရုံနှင့် အာရုံ ခြောက်ပါးဟူသည် မနောအကြည်သက်သက်မှာ အရိပ်အသွင် ထင်ပြရသည်။ ထိုသို့ထင်ပြသောအခါမှ မည်သည့်ဝတ္ထုကို ငါသိသည်။ မည်သည့်အမှုကို ငါသိသည်ဟု ဖြစ်ကြသည်။ ထိုသို့ဖြစ်ကြသည်ကိုစွဲ၍ ဒေါသတရား မာနတရားတို့ဖြင့် ငါ-ငါ-ငါ-ငါ ဟု ထောင်ထောင်လွှားလွှား ဖြစ်ပွားကြရသည်။

## သဋ္ဌာယတန ပစ္စယာဖဿော ဆောင်ပုဒ်

ခြောက်မှန်အကြည်၊ ခြောက်မျိုးတည်က၊ ခြောက်မည်အာရုံ၊ အလုံးစုံလည်း၊ ပုံသဏ္ဌာန်ရိပ်၊ နိမိတ်အသွင်၊ ကိုယ်လုံးထင်၍၊ ဝိညာဉ်ခြောက်ဆင့်၊ ဖွားဖွားပွင့်က၊ နှိုင်းသင့်တူမျှ၊ ပမာပြမူ၊ သိကြားစက်ရှိန်၊ လက်လက်ထိန်သား၊ ဝရဇိန်သွား၊ ရှပ်ရှပ်ဝါးသို့၊ ခြောက်ပါးဖဿ၊ ဖြန်းဖြန်းထ၍၊ ရသခြောက်မည်၊

အာရုံရည်ကို၊ ကြိတ်နည်သောအား၊ တွေ့ထိငြားက၊ ဤကား
ဣဋ္ဌ၊ အနိဋ္ဌနှင့်၊ ဤမျှမကောင်း၊ ဤမျှကောင်းဟု၊အကြောင်း
သွေးဆော်၊အရေးပေါ်လျက်၊ ခြောက်ဖော်အာရုံ၊ ရသဂုဏ်တို့၊
အကုန်ပေါ်ထွက်၊ ရွှန်းရွှန်းတက်၍၊ မက်ဖွယ်မုန်းဖွယ်၊ အနှုန်း
ခြယ်သည်၊ ခြောက်ဖွယ်ဖဿ စွမ်းရည်တည်း။

ဗဟိဒ္ဓဖြစ်သော ပကတိ ဖလ်ကြည့်မှန်ကြည်တို့၌ နေဝန်း
သဏ္ဌာန်၊ လဝန်းသဏ္ဌာန် စသည်တို့သည် ထင်ပြရကုန်သကဲ့သို့
ဤကိုယ်ခန္ဓာ၌ရှိသော စက္ခုစသော ကမ္မဇ ခတ်မှန်အကြည်
ခြောက်ပါးတို့၌လည်း နေဝန်းသဏ္ဌာန်၊ လဝန်းသဏ္ဌာန်၊မိုဃ်း
သံ၊ လေသံ အစရှိကုန်သော အာရုံခြောက်ပါးတို့၏ အသွင်
သဏ္ဌာန်တို့သည် ထင်ပြကြကုန်သည်၊ ခိုက်တိုက်ကြကုန်သည်ရှိ
သော် ထင်ပြ ခိုက်တိုက်ကြရာဌာန၌ ဝိညာဉ်တို့သည် ဖြစ်ပေါ်
ကြကုန်၏။ တိမ်တိုက်နှစ်ခုတို့ခွကြရာ၌ လျှပ်ရောင်ဖြစ်ပေါ်သကဲ့
သို့လည်းကောင်း၊ ကျောက်နှင့်မီးခတ် ခတ်ရာ၌ မီးပွင့်မီးပွား
ဖြစ်ပေါ်သကဲ့သို့ လည်းကောင်းမှတ်။ အတွင်းခတ်မှန်အကြည်
၁။ ထိုခတ်မှန်အကြည်တွင် ထင်ပြထားသော အပအာရုံ ၁။
ထိုနှစ်ပါး အထိအခိုက်တွင် ဖြစ်ပေါ်သောဝိညာဉ် ၁။ ထိုသုံး
ပါးတို့၏ စည်းဝေးမှုကြောင့် ဖဿခြောက်ပါးဖြစ်ပေါ်သည်။
စက္ခုမှာဖြစ်ပေါ်သော စက္ခုသမ္ဖဿ။ သောတမှာဖြစ်ပေါ်သော
သောတသမ္ဖဿ။ ဃာနမှာ ဖြစ်ပေါ်သော ဃာနသမ္ဖဿ။
ဇိဝှာမှာ ဖြစ်ပေါ်သော ဇိဝှာသမ္ဖဿ။ ကာယမှာ ဖြစ်ပေါ်
သောကာယသမ္ဖဿ။ မနောမှာ ဖြစ်ပေါ်သော မနောသမ္ဖဿ။
ဤကား ဖဿခြောက်ပါး။ ထိုဖဿသည် မိမိနှင့်ပေါင်းဆုံ
မိသော အဆင်း၊ အသံ အစရှိသော အာရုံ ခြောက်ပါး



၁၆၇၈၁

တို့၏ ကောင်းသော ရသဂုဏ်၊ မကောင်းသော ရသဂုဏ် တို့ကို တဖွားဖွား ပေါ်ထွက်အောင် ကြိတ်ဝါး ထိခိုက် ပေ၏။ သည်ကိုရည်၍ သိကြားစက်ရှိန်၊ လက်လက်ထိန်သွား ဝရဇိန်သွား၊ ရှပ်ရှပ်ဝါးသို့ ဟု ဆိုပေသည်။ ရသခြောက်မည် အာရုံရည် ဟူသည်ကား အဆင်းဟူသော ရူပါရုံမှာလည်း ကောင်းသောဣဋ္ဌရသ၊ မကောင်းသော အနိဋ္ဌရသရှိသည်။ ထို ရသကိုပင် အာရုံရည်ဟုဆိုသည်။ အသံဟူသောသဒ္ဒါရုံ၊ အနံ့ဟူ သောဂန္ဓာရုံ၊အရသာဟူသော ရသာရုံ၊အပူအချမ်း အကြမ်းအနု တွေ့ထိမှုဟူသော ဖောဋ္ဌဗ္ဗာရုံ၊ ကုသိုလ် အကုသိုလ် အစရှိသော ဓမ္မာရုံတို့မှာလည်း ထိုက်သည့်အားလျော်စွာ ကောင်းသောရသ၊ မကောင်းသောရသ ရှိကြကုန်သည်။ ဖဿကြိတ်နယ်၍ အာရုံ၏ ရသပေါ်ထွက်သောအခါမှာ ကောင်းသည် မကောင်းသည်ကို စွဲ၍ ချစ်ခြင်း၊ သာယာခြင်း၊ မုန်းခြင်း၊ မသာယာခြင်းဟူသော အမှုဖြစ်ပွားလေသည်။

## ဖဿပစ္စယာဝေဒနာ ဆောင်ပုဒ်

ဖဿခြောက်မည်၊ သူ့စွမ်းရည်ဖြင့်၊ ကြိတ်နယ်သောအား၊ စက်ရှိန်ဝါး၍၊ ခြောက်ပါးအာရုံ၊ မွေ့ခမွှတုန်လျက်၊ ခြောက်စုံ ရသ၊ အနိဋ္ဌနှင့်၊ ဣဋ္ဌဟူသည်၊ အရည်ဒီးဒီး၊ ယိုထွက်စီးသော်၊ ခတ်သီးခြောက်ဖြာ၊ဝေဒနာဟု၊ ထွေလာအထူး၊ ထွက်ပေါ်မြူး ၍၊ ခြောက်ဦးရှန်းစည်၊ အာရုံရည်ကို၊ မည်မည်ရရ၊ ခံစံကြမှု၊ သုဘာသုဘာ၊ သာ မသာနှင့်၊ ထွေလာများတောင်း၊ ကောင်း မကောင်းသည်း၊ ထောင်းထောင်းငေါ်ငေါ်၊ သိထင်ပေါ်၍၊

ကောင်းသော်စိတ်ဝမ်း၊ ဖိတ်ဖိတ်လျှမ်းလျှင်၊ ရွှင်လန်းနှလုံး၊ စွင့်စွင့်ပြုံး၏။ မုန်းဖွယ်တွေ့က၊ ခြောက်သွေ့နွမ်းညှိုး၊ နှလုံးဆိုး၍၊ အခိုးလူလူ၊ ပွက်ပွက်ဆူမျှ၊ပူပူပင်ပင်၊ မရွှင်မလန်း၊ စိတ်ကုန်ခမ်း၏။ချမ်းသာသုခ၊တခုမျှ၌၊သောကအထု၊အကုန်စု၏။ပုပ္ပုရွရွ၊မြင်သမျှလည်း၊သုခဖို့ချည်း၊လုံ့လသည်း၏။အရည်းသူမြတ်၊ပရမတ်ကို၊ ချွန်လှပ်ထား၍၊ အများလောက၊ ရှိသမျှကို၊ ဒုက္ခပွားမှု၊ များစွာပြုသည်၊ သုခဝေဒနာစွမ်းရည်တည်း။

ဖဿခြောက်ပါးတို့ ကြိတ်နယ်မှုကြောင့် အာရုံခြောက်ပါးတို့မှ ရသခြောက်ပါး ပေါ်ထွက်သောအခါ ယိုရသကိုခံစားသော ဝေဒနာခြောက်ပါးဖြစ်ပေါ်သည်။ စက္ခုသမ္ဖဿဇာဝေဒနာတပါး၊သောတသမ္ဖဿဇာဝေဒနာတပါး၊ဃာနသမ္ဖဿဇာဝေဒနာတပါး၊ ဇိဝှာသမ္ဖဿဇာ ဝေဒနာတပါး၊ ကာယသမ္ဖဿဇာ ဝေဒနာတပါး၊မနောသမ္ဖဿဇာ ဝေဒနာတပါး။ အဆင်းအရောင် ဟူသောရူပါရုံ၌ ကောင်းသော ဣဋ္ဌရသ၊ မကောင်းသောအနိဋ္ဌ ရသနှစ်ပါးရှိသည်။ထိုနှစ်ပါးကို ဝေဒနာသည်ခံစား၏။ ကောင်းသည်ဟုထင်ရှားပေါ်လာ၏။မကောင်းသည်ဟု ထင်ရှားပေါ်လာ၏။ ထိုသို့ထင်ရှား၍ လာသည်ကိုဝေဒနာခံစားချက်ဆိုသည်။သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့၌လည်း ဤနည်းအတူတည်း။ အကြွင်းသိသာပြီ၊ ချမ်းသာသုခ၊တခုမျှ၌၊ လောကအတု၊ အကုန်စု၏၊ဆိုသည်ကားလောက၌အလုံးစုံသော သတ္တဝါအပေါင်းတို့သည် သုခကိုသာတောင့်တကြ၏။ သုခဝေဒနာကို ရလိုသောဆန္ဒတခုမှာ အကုန်ဆုံမိကြ၏ ဟုလိုသည်။ပုပ္ပုရွရွမြင်သမျှလည်း သုခဖို့ချည်း၊ လုံ့လသည်း၏၊ဆိုသည်ကားလောက၌ ကိုယ်အမှု နှုတ်အမှုတို့နှင့် နေ့နေ့

ညညလုံ့လဥဿဟ ပြုပြုသမျှသည် သုခချည်းအမှန်ဖြစ်၏။ သုခ ကိုရလို၍ အသည်းအသန် ကြောင့်ကြစိုက်ကြ၏ ဟူလိုသည်။ သစ္စာလေးပါးကို သိမြင်ပြီးသော အရိယာပုဂ္ဂိုလ်တို့ကို အရည် သူမြတ် ပရမတ်ဆိုသည်။ သုခဝေဒနာသည် အရိယာပုဂ္ဂိုလ်တို့ကို ချန်လှပ်၍ပုထုဇဉ်သတ္တဝါအပေါင်းတို့အား ဒုက္ခတရားပွားများ မှုကိုပြု၏။ မိမိကိုယ်ချမ်းသာလိုသောအတွက်ကြောင့် သူ့အသက် ကိုသတ်၍ အပါယ်၌ကျကြရသည်။ လောက၌လည်း သုခကိုလို ၍ လှေ့ထိုးလွှတိုက် စသောဒုက္ခကိုခံကြရသည်။ သုခဝေဒနာသည် နောက်ပုဒ်၌ လာသတ္တံ့သော တဏှာဖြစ်ပွားကြောင်း အားကြီး သောတရားဖြစ်၍ ချမ်းသာသုခ၊ တခုမျှ၌၊ လောကအတုအကုန် စု၏ အစရှိသော နောက်စကားစုကို ဆိုပြန်ရသည်။

## ဝေဒနာ ပစ္စယာ တဏှာ ဆောင်ပုဒ်

သုခဝေဒနာ၊ စွမ်းရည်ဖြာသည်၊ ရသာမြိန်ရှန်း၊ အစိမ့်မွန်းက၊ သွန်းသွန်းဆူကြွ၊ ထိုသုခ၌၊ ပိယဟူသား၊ အချစ်ပွား၍၊ ခြောက် ပါးဝေဒနာ၊ မြန်ယှက်စွာကို၊ လွယ်ကာမနှေး၊ ကိုယ်တိုင်ပေး သည်၊ သူဌေးရတနာ၊ ပမာအလား၊ ကြင်မယားနှင့်၊ ဝတ်စား ရွှေငွေ၊ လယ်မြေလုပ်ခင်း၊ ထမင်းဘောဇဉ်၊ သဘင်ပွဲလမ်း၊ အခဏ်းခဏ်းကည့်၊ ပန်းမျိုးနံ့သာ၊ အဖြာဖြာလျှင်၊ ရူပါရမ္မဏ၊ စသည်အပုံ၊ ပဥ္စရုံနှင့်၊ ခြောက်စုံဖသာ၊ စက္ခုစသား၊ ဒွါရခြောက် မည်၊ အကြည်အလင်း၊ ကိုယ်တွင်းဓာတ်နု၊ အစုစုလျှင်၊ ဗဟို ဘေဒါ၊ များပြားစွာသည်၊ ဓမ္မာရမ္မဏ ကာမဝတ္ထု၊ အစုအပုံ၊ ခြောက်အာရုံ၌၊ ခုံတမင်မင်၊ ခင်တများများ၊ နှစ်ဉ်ပွား၍၊ တရားအချက်၊ သဘောနက်ကို၊ အိပ်မက်တွင်မျှ၊ မမြင်ကြပဲ၊ ကာမ

ထောင်တွင်း၊ ခန္ဓာကင်းသည်၊ ခြောက်သင်းတဏှာ စွမ်းရည်တည်း။

သုခဝေဒနာ ဖြစ်ပေါ်လာသော အခါ၊ ထိုသုခဝေဒနာ၌ သာယာခင်မင်သော တဏှာခြောက်ပါးသည် ဖြစ်ပွား၏။ ရူပတဏှာတပါး၊ သဒ္ဒတဏှာတပါး၊ ဂန္ဓတဏှာတပါး၊ ရသတဏှာတပါး၊ ဖောဋ္ဌဗ္ဗတဏှာတပါး၊ ဓမ္မတဏှာတပါး၊ ကြင်မယားနှင့်၊ ဝတ်စားရွှေငွေ၊ လယ်မြေလုပ်ခင်း၊ ထမင်းဘောဇဉ်၊ သဘင်ပွဲလမ်း၊ ပန်းမျိုးနံ့သာ အစရှိသော အာရုံငါးပါး၊ ဖဿခြောက်ပါး၊ ဝေဒနာခြောက်ပါး၊ စက္ခုစသော ဒွါရအကြည်ခြောက်ပါးထိုမှကြွင်းသော သဒ္ဒါ စေတနာ ပညာ သတိအစရှိသော ဓမ္မာရုံ ဤအာရုံခြောက်ပါးသည် သုခဝေဒနာကို လိုတိုင်းပေးနိုင်သော သူဌေးရတနာတော့နှင့် တူပေ၏။ ထို့ကြောင့် သုခဝေဒနာကို သာယာ လိုသော အတွက်ကြောင့် ထိုအာရုံခြောက်ပါးကိုပင် ခင်မင်တွယ်တာ ရှာဖွေ စုဆောင်းကြရသည်။ ထိုပဉ္စာရုံနှင့် ဓမ္မာရုံ ဤအာရုံခြောက်ပါး ကိုပင် ကာမဝတ္ထု အစုအပုံဆိုသည်။ အကြွင်းသိသာပြီ။

## တဏှာ ပစ္စယာ ဥပါဒါန် ဆောင်ပုဒ်

တဏှာခြောက်မည်၊ အရင်းတည်လျက်၊ အရှည်များလျား၊ အစဉ်ပွားက၊ လေးပါးအမှန်၊ ဥပါဒါန်လည်း၊ ခန္ဓာကာယ၊ အတ္တတ္တနှင့်၊ ကာမအာရုံ၊ အလုံးစုံကို၊ အကုန်မှီးရင်း၊ အစွဲပြင်း၏။ အသင်းပွားများ၊ သားမယားက၊ စသည်ဖြာဖြာ၊ မဆုံးရာသား၊ ကာမဝတ္ထု၊ စွဲလမ်းပြုသည်၊ ကာမုပါဒါန်၊ တဖန်ထို့ပြင်၊

မိစ္ဆာညာဉ်ဖြင့်၊ အမြင်ယှင်းဖောက်၊ အယူမှောက်သည်၊ ခြောက်ဆယ့်နှစ်ပါး၊ ပြားသည်ဒိဋ္ဌိ၊ တစိထိုမှ၊ ဂေါသီလကို၊ ဝဋ်မှုထုတ်တတ်၊ စွဲထင်မှတ်သည်၊ သီလဗ္ဗတုပါဒါန်၊ ခန္ဓာငါးပါး၊ တရားအစု၊ ခေတ်အနုကို၊ ကိုယ်ဟုစွဲကပ်၊ အမြဲမှတ်သည်၊ အတ္တဝါဒုပါဒါန်၊ အထန်အပြင်း၊ အယူတင်းရှု၊ ဝဋ်ခင်းဝဋ်နွယ်၊ ဝဋ်ပင်လယ်မှ၊ လွတ်ဘွယ်မအား၊ တမားမားသည် — လေးပါး ဥပါဒါန် စွမ်းရည်တည်း။

တဏှာအစွဲအလမ်း သန်လှ၍ ဥပါဒါန်လေးပါး ဖြစ်ပွားရသည်။ ဥပါဒါန်လေးပါးဟူသည်ကား ကာမုပါဒါန်တပါး၊ ဒိဋ္ဌုပါဒါန်တပါး၊ သီလဗ္ဗတုပါဒါန်တပါး၊ အတ္တဝါဒုပါဒါန်တပါး၊ ဤလေးပါးကိုဆိုသည်။ ထိုလေးပါးတို့တွင် ကာမုပါဒါန်ဟူသည်ကား ခန္ဓာကာယ အဇ္ဈတ္တနှင့်၊ ကာမအာရုံ၊ အလုံးစုံ၌၊ အကုန်နှိုးရင်း၊ အစွဲပြင်း၏။ အသင်းပွားများ၊ သားမယားက၊ စသည်ဖြာဖြာ၊ မဆုံးရာသား၊ ကာမဝတ္ထု စွဲလမ်းပုံသည်၊ ကာမုပါဒါန်ဟူသည်နှင့်အညီ။ မိမိတို့၏ ခန္ဓာကိုယ်နှင့်တကွ ပစ္စည်းဥစ္စာ၊ ရတနာရွှေငွေ၊ လယ်မြေကျွဲနွား၊ သားမယားစသော ကာမဝတ္ထုတို့၌ အပြင်းအထန် စွဲလမ်းသောတဏှာသည် ကာမုပါဒါန်မည်၏။ အပြင်းအထန်စွဲလမ်းသော ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိသည် ဒိဋ္ဌုပါဒါန်မည်၏။ နွားတို့၏အလေ့အကျက် ခွေးတို့၏အလေ့အကျက် စသည်တို့ကို သံသရာမှ လွတ်ရာလွတ်ကြောင်း ဖြစ်၏ဟု စွဲလမ်းမှုသည် သီလဗ္ဗတုပါဒါန်မည်၏။ တဏှာဖြင့် သာယာမှုရှိခြင်းကြောင့် ဤဥပါဒါန်တရား လေးပါး ဖြစ်ပွားလေသတည်း။

## ဥပါဒါန ပစ္စယာ ဘဝေါ ဆောင်ပုဒ်

စွမ်းရည်ပြင်းထန်၊ ဥပါဒါန်ဖြင့်၊ ခန္ဓာမမွ၊ ကိုယ်ကာယ၌၊ အတ္တအစွဲ၊ မြဲကြီးမြဲ၍၊ ရဲရဲရက်ရက်၊ ကိုယ်အတွက်ကြောင့်၊ သက်သတ်ခိုးမှု၊ စသည်ပြုလျက်၊ အကုသလ၊ မမွဆယ်တန်၊ အပြစ်လျှံ၏။ တဖန်နှောက်နှောင်း၊ ငါလျှင်ကောင်းစိမ့်၊ အကြောင်းရည်ရော်၊ အရှည်မြော်လျက်၊ သူတော်မလေ့၊ ရသေ့ရဟန်း၊ လှူဒါန်းဝေငှ၊ ပဉ္စင်နှင့်၊ အဋ္ဌအင်္ဂါ၊ ဒသင်္ဂါတည့်၊ လေးလီပြဟ္မ၊ ဝိဟာရစျာန်၊ ဆယ်တန်ကသိုဏ်း၊ အလှိုင်းများစွာ၊ ဘာဝနာဟု၊ ဆယ်ဖြာပုညာ၊ ကုသလကို၊ လုံ့လကြိုးစား၊ ကောင်းကျိုးပွား၏၊ နှစ်ပါးကုသိုလ်၊ အကုသိုလ်ဟု၊ ထိုထိုဘဝ၊ ဖြစ်သမျှ၌၊ ဗီဇပြည့်ဖြိုး၊ အမျိုးမျိုးကြောင့်၊ အကျိုးတရား၊ အရှည်ပွားသည်၊ နှစ်ပါးဘဝ စွမ်းရည်တည်း။

အကုသလကမ္မပထဆယ်ပါး၊ ကုသလကမ္မပထဆယ်ပါး ကို ဘဝဆိုသည်။

## ဘဝပစ္စယာ ဇာတိ ဆောင်ပုဒ်

ဘဝစွမ်းရေ၊ ကံနှစ်ထွေကြောင့်၊ သဗ္ဗေသတ္တာ၊ သတ္တဝါတို့၊ ဖြစ်ရာဘာဝ၊ ဆုံပြန်ကလျှင်၊ ကေ စတု၊ ငါးခုခန္ဓာ၊ ကံချရာ၌၊ မမွာတာစစ်၊ သစ်တလဲလဲ၊ အနဲနဲလျှင်၊ ဖြစ်မြဲဇာတိ၊ သန္ဓေငြိ၍၊ တြိပုံပြင်၊ နယ်တခွင်၌၊ အစဉ်ပြည့်ပွား၊ အစားစားလျှင်၊ မားမား မတ်မတ်၊ ဇာတ်အမျိုးမျိုး၊ တန်းခိုးထင်တိမ်၊ ဂုဏ်သိရ်နိမ့်မြင့်၊

အကျင့်ဆိုးကောင်း၊ အပေါင်းများစွာ၊ သတ္တဝါဟု၊ နာနာ ကာယ၊ ဖြစ်ပြန်ကြသည်၊ လေးဝဇာတိ စွမ်းရည်တည်း။

ဥပ္ပတ်ကိန်းသော အဏ္ဍဇမျိုး၊ သားအိမ်၌ကိန်းသော ဇလာဗုဇမျိုး၊ အညှီအပုပ် အစေး အကျိ၌ကိန်းသော သံသေဒဇမျိုး ကိုယ်ထည်အပြီး ဖြစ်ပေါ်သော ဩပပါတိကမျိုး၊ ဤလေးမျိုး ကို လေးဝဇာတိ ဆိုသည်။

## ဇာတိပစ္စယာ ဇရာမရဏံ ဆောင်ပုဒ်

သန္ဓေဇာတိ၊ တဖန်ငြိ၍၊ တြိဘုံသူ၊ အဆူဆူလျှင်၊ လူလူ, နတ်နတ်၊ အရပ်ရပ်တည့်၊ မတ်မတ်မ းမား၊ ဖြစ်ပြန်ငြားသော်၊ သုံးပါးအရွယ်၊ စ,လယ်,အဆုံး၊ ရှိမြဲထုံးဖြင့်၊ အနှုန်းစဉ်စီ၊သန္ဓေ ချီက၊နာရီစဉ်သင့်၊ အဆင့်ဆင့်လျှင်၊ရင့်မြဲရော်မြဲ၊တသဲသဲတည့်၊ မစဲနေ့,ည၊ တရွရွလျှင်၊ ခဏသန္တိ၊ အဂ္ဂိဇရာ၊ နှစ်ဖြာလောင်မီး၊ ရှိန်ရှိန်ညီး၍၊အကြီး,အငယ်၊ အရွယ်ခြားနား၊ အစားစားလျှင်၊ အသွားတွင်တွင်၊ မစဲနိုင်၏။ ။လေးအင်သေမှု၊ တခုခုလည်း၊ ဗဟုအန္တရာယ်၊ အသွယ်သွယ်နှင့်၊· နှီးနွယ်ရုံးစည်း၊ တလုံးတည်း လျှင်၊ ကြီးကြီး,ငယ်ငယ်၊ အရွယ်မထောက်၊ အချိန်ရောက်က၊ ချုပ်ပျောက်ခန္ဓာ၊မငြင်းသာသည်၊ ဇရာ မရဏ စွမ်းရည်တည်း။

ခဏိတဇရာ၊ သန္တတိဇရာဟူ၍ ဇရာနှစ်ပါး။ အသက်တမ်း ကုန်၍သေရခြင်း၊ ကံကုန်၍သေရခြင်း၊ အသက်တမ်းကံကုန် နှစ်ပါးဆုံ၍သေရခြင်း၊ ဥပစ္ဆေဒက ကံဟောင်းသတ်၍ သေရ ခြင်းဟူ၍ သေခြင်းမရဏတရား လေးပါး။

## သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿု
## ပါယာသာ သမ္ဘဝန္တိ

သန္ဓေဇာတိ၊ ခန္ဓာရှိက၊ ဉာတိ,ဘောဂ၊ စသည်သင်းပင်း၊ ကွေကွင်းခြင်းနှင့်၊ မကင်းစသာ၊ ကြုံကြိုက်လာသော်၊ ပူဆာသောက၊ ယူတင်ငိုကြွေး၊ သက်မွေးပန်ထမ်း၊ ပူ,ချမ်းဒုက္ခ၊အနိဋ္ဌကြောင့်၊ စိတ်ကမကြည်၊ မဆည်ငင်ရှိုက်၊ အလှိုက်အလှဲ၊ဆင်းရဲငါးပါး၊ အကျဉ်းအားတည့်၊ကျယ်ပွားအနန္တ၊ တွေ့ကြုံရသည်။ မူလဇာတိ အနှုန်းတည်း။

## ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ
## သမုဒယော ဟောတိ

ဝဋ်သံသရာ၊ ရှည်မင်းစွာ၌၊ သူ့,ငါကစ၊ မြစ်သမျှကား၊ သတ္တမဟုတ်၊ ခေတ်မှန်ထုတ်သော်၊ နာမ်,ရုပ်နှစ်သင်း၊ အမြင်လင်းလော့၊အရင်းအဝိဇ္ဇာ၊ထိုမှဖြာ၍၊ဇရာမရဏ၊အဆုံးကျသည်ဓမ္မအပြား၊ ဆယ့်နှစ်ပါးကို၊ ဤကားလူပင်၊ ဤလျှင်နတ်ဘဲ၊ အထင်လွဲလျက်၊ တဝဲလည်လည်၊ ဝဋ်နွယ်စည်၏၊ရှည်လေသမျှ၊ အနန္တကား၊ သုခဟူသည်၊ မြူမျှမကွက်၊ အဆက်ဆက်လျှင်၊ သက်သက်ဒုက္ခ၊ခေတ်မှန်ရသည်။ ဘဝဤကိုယ် ဖြစ်ထုံးတည်း။

[ပဋိစ္စသမုပ္ပါဒ်အကျဉ်း ဤတွင်ပြီး၏။]

## အသင့်ဝယ်ယူနိုင်ပါပြီ

ရှေးအစဉ်အဆက် ကျော်ကြား ထင်ရှားခဲ့သည့်
ဘုရားရှိခိုး၊ ဆုတောင်း ဆုယူ၊ ပန်း၊ ဆွမ်း၊ ရေချမ်း၊
ဆီမီးကပ်၊ ရေစက်ချ၊ အမျှဝေအမျိုးမျိုး နှင့်
အန္တရာယ်ကင်း ပရိတ်တော်များ
ပါဝင်စုစည်းသည့်

# မဟာမင်္ဂလာဘုရားရှိခိုးအမျိုးမျိုး
# နှင့်
# အန္တရာယ်ကင်းပရိတ်တော်များ

[ တအုပ် ၈ ကျပ် ]

---

ကျီးသဲလေးထပ်ဆရာတော်၊ မန်လည်ဆရာတော်၊ မဟာစည်ဆရာတော်၊ အရှင်ဇနကာဘိဝံသ၊ မဟာဝိသုဒ္ဓါရုံ ဆရာတော်၊ အရှင်ဝိစိတ္တသာရာဘိဝံသ၊ မင်းကွန်း ပထမ ဓမ္မနာဒဆရာတော်၊ လယ်တီဆရာတော်၊စစ်ကိုင်းတောင်ရိုးမဟာဝိဇ္ဇာဒယဆရာတော် အုဂ်ဖိုဆရာတော် နှင့် မင်းကွန်း ဒေါ်ဓမ္မစာရီတို့၏

ဘုရားရှိခိုး၊ ဆုတောင်း၊ အမျှဝေ
စာမူများပါဝင်သည့်

# ရွှေစည်ဝတ်ရွတ်စဉ်

## ရွှေစည်ဆရာတော် လယ်တီအရှင်ကုလိသ

[ တအုပ် ၁၀ ကျပ် ]

# ဆုံးမစာ

ဆိုပိမ့်မညွှာ၊ စေ့စေ့နာလော့၊ ဂင်္ဂါသဲမျှ၊ ပွင့်ကုန်ကြသား၊ ဘုရားသာသနာ၊ ခေတ်အခါဝယ်၊ လူ့ရွာနတ်၌၊ နင်ကြုံကြိုက်လည်း၊ အမိုက်မချွေ၊ အလိုက်နေ၍၊ အခြေမကြီး၊ အချည်းနှီးလျှင်၊ ရီးတီးယောင်တောင်၊ ခုတိုင်အောင်တည့်၊ သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသည်၊မိုဃ်းလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက်၊ နင်ကားရာထောင်၊ မကမှောင်၏၊ လူ့ဘောင်လူ့ရွာ၊ သာသနာ၌၊ ကြမ္မာတော်၍၊ ယခုတွေ့သည်း၊ အလေ့မလွဲ၊ အများနဲလျှင်၊ မိုက်မြဲနှင်နှင်၊ မိုက်စရွှင်၏။ မျက်မြင်လောဘ၊ ဤဘဝကား၊ ဒုက္ခစင်းစင်း၊ ချမ်းသာကင်း၏၊ သေမင်းအစာ၊ နင့်ခန္ဓာကို၊ တဏှာဘီလူး၊ အမှောင်ပူး၍၊ အရူးပြင်ပြင်၊ နင်ကိုယ်ထင်၏၊ နင်နှင့်မဆိုင်၊ နင်ပိုင်မဟုတ်၊ နင့်ရုပ်နင့်နာမ်၊ နင့်သန္တာန်ကို၊နင့်ဉာဏ်မစူး၊ အပေါ်ပြူး၍၊မူးမူးမေ့မေ့၊အများလေ့ဖြင့်၊ နေ့ရက်အပုံ၊ လွန်ခဲ့တုံပြီ၊ အာရုံဝတ္ထု၊ မီးစာစုကို၊ မှူမှူရရ၊ နင်အားကျလည်း၊ ဓါးပြသေခင်း၊ သူ့တပ်နင်းက၊ မငြင်းဆန်သာ၊ နင့်ခန္ဓာသည်၊ပြာပုံအပြီး၊ ဖြစ်လုနီးပြီ။ ရီးတီးယားတား၊

သေ၍သွားလည်း၊ တရားမကြွယ်၊ အထုပ်ငယ်လျက်၊ အပါယ်စခန်း၊ သွားမြဲလမ်း၌၊တပန်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်၊ တငြင်ငြိုငြို၊ ဆင်းရဲပိုလျက်၊ တိုထိုဘဝ၊ အနန္တလျှင်၊ အစမဆုံး၊ အများထုံးတည့်၊ အနှုန်းမပျက်၊ အောက်နရက်ဝယ်၊ တသက်နွယ်နွယ်၊ အမြစ်တွယ်သို့၊ အပါယ်ထိုထို၊ ဥဒဟိုသည်၊ နင်လိုလူမိုက် သွားလမ်းတည်း။

ငင်းဆုံးမစာ၌၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား ဆိုသည်ကား တမိုးလုံး မိုးတိမ်တိုက်ကြီး ပြည့်၍နေ၏။ လျှပ်ပြတ်သောအခါနှင့်လည်း မကြုံကြိုက်ဆိုလိုသည်။ မိုက်မြဲနင်နင် ဆိုသည်ကား အမိုက်လက်စ မသိမ်းဆိုလိုသည်။ နင့်ကိုယ်ထင်၏ ဆိုသည်ကား ငင်းပိုင်သောကိုယ်ဟု မှတ်ထင်၏ ဆိုလိုသည်။ အထုပ်ငယ်ဆိုသည်ကား ကောင်းမှုကုသိုလ်မျိုး ရိက္ခာထုပ် သေးငယ်သည်ကို ဆိုလိုသည်။ အောက်နရက်ဆိုသည်ကား ငရဲဘုံကို နရက်ဆိုသည်။ နရက်ဆိုသောစကားနှင့် ငရဲဆိုသောစကား အတူတူမှတ်လေ။ ။

[ ဆုံးမစာ ပြီး၏။ ]

# ယမမင်းထံအစစ်ခံသံပေါက်

# ယမမင်းထံအစစ်ခံသံပေါက်

မေး။ အိုကွဲ့ယောကျ်ား လူ့ပြည်သား ဘယ်တရားများ ကျင့်ခဲ့တယ်။

ဖြေ။ ကျွန်တော်မျိုးမှာ လျှောက်စရာ ဘယ်ဟာကိုမျှ မရှိတယ်။

မေး။ ကုသိုလ်ကောင်းမှု တခုခု မပြုခဲ့လားကွယ်။

ဖြေ။ ယမရာဇာ မေးသောခါ ခမျာမှိုင်၍နေရှာတယ်။

မေး။ အမောင်ယောကျ်ား သတိထား စဉ်းစားပါဦးကွယ်။
ဗုဒ္ဓမြတ်စွာ သာသနာ မထွန်းပါလားကွယ်။

ဖြေ။ ကျွန်တော်တို့ရွာ သာသနာ ထွန်းလှပါတော့တယ်။

မေး။ ပဗ္ဗဇ္ဇိတ ဒုလ္လဘ မရခဲ့လားကွယ်။သာသနာစက် ရဟန်းဘက် စိတ်မျှမကွက်တယ်။ ရဟန်းဖြစ်မှာ မင်းဆရာ မဟောပါလားကွယ်။

ဖြေ။ ကျွန်တော့်ဆရာ ဟောပြရှာ နားမှာမဝင်တယ်။ ကျွန်တော့်စိတ်မှာ သည်အခါ ရွာသာရောက်တော့တယ်။

မေး။ ယောကျ်ားစစ်ပ လှလှရ မင်းဘဝကိုနှမြောတယ်။ လူတို့ပြည်ရွာ အမောင့်မှာ ဘာများလုပ်ခဲ့တယ်။ အမောင်အမောင် ယောင်တောင်တောင် အမောင်မှားခဲ့တယ်။ သဒ္ဓါဖြောင့်တန်း ဒါနခန်း ပြောစမ်းပါဦးကွယ်။

ဖြေ။ သားကြီးရှင်ဖြစ် ကျွန်တော်စစ် ညှစ်၍လှူခဲ့တယ်။

မေး။ လှူသောအခါစေတနာ သုံးဖြာညီလားကွယ်။

ဖြေ။ သုံးချက်စေတနာ နည်းလှပါ မှန်စွာလျှောက်တော့မယ်။ ကျွန်တော့်အလှူ ကြွေးတွေပူ ငွေကူမျှော်မိတယ်။ ကူငွေနှင့်သာ ငါလှူတာ ထေမိပါယင် တော်ရော့မယ်။ကျွန်တော်မျိုးမှာ သည်လိုသာ အောက်မေ့မိပါတယ်။

မေး။ ယုတ်မြတ်မဟူ စားသောက်သူ ကြည်ဖြူပါလားကွယ်။

ဖြေ။ ငွေကူများရာ လူချမ်းသာ မျက်နှာလိုက်၍ကျွေးခဲ့တယ်။ မျက်နှာနည်းပါး လူမွဲများ မလှဲသာ၍ကျွေးရတယ်။လူချမ်းသာပင် မဏ္ဍပ်ဝင် ဖျာလျှင်သင်ဖြူး ခင်းပေးတယ်။ သည်ကိုဟိုကို ကြွပါဆို ဗျို့ဗျာမစဲ ခေါ်ခဲ့တယ်။ ကျွန်တော့်မယား စားဘို့များ ကြိုးစားလုပ်ခဲ့တယ်။ ကွမ်းဆေးလက်ဘက် ဆီစက်စက် ဝက်နှင့်ကြက်သား ကျွေးခဲ့တယ်။ ကျွန်တော်မျိုးမှာ ငွေမျက်နှာ သည်လိုဟာမှ သဒ္ဒါတယ်။

မေး။ မင့်အလှူမှာ ငွေတွေဟာ နှမြောပါဘိကွယ်။ပရိက္ခရာ ဆောင်ရန်မှာ ကောင်းစွာလှူလားကွယ်။

ဖြေ။ ပရိက္ခရာညံ့ လှစ္စာ အဖိုးချိုမှ ဝယ်ပေးတယ်။

မေး။ လှူသောအခါ ပစ္စည်းမှာ စင်ကြယ်ပါလားကွယ်။

ဖြေ။ ကျွန်တော်လှူတာ ပစ္စည်းမှာ ခိုးတာများခဲ့တယ်။

မေး။ ပစ္စည်းကုန်ရှာ မင်းလှူတာ ဝမ်းနဲပါလေတယ်။ ဘုန်းကြီးပင့်ခန်း အလမ်းလမ်း ပြောစမ်းပါဦးကွယ်။ အကျင့်သိက္ခာ ရွေးချယ်ကာ မြတ်ရာကိုယ်တော် ပင့်လားကွယ်။

ဖြေ။ သည်လိုဟာမှာ မလွှေလာ မျက်နှာနာမှ ပင့်ခဲ့တယ်။ နှုတ်ဆက်ခေါ်ငင် မျက်နှာရှင် ပုဂ္ဂိုလ်ကောင်းလို့ ထင်ခဲ့တယ်။ သည်လိုဆရာ ကျွန်တော့်မှာ များစွာပင့်ခဲ့တယ်။ တို့အမျိုးပါ တို့ဆရာတို့ရွာကိုယ်တော် ပင့်ဦးမယ်။

မေး။ ပြောင်းနှင့်စပါး မင်းတို့များ ဘယ်လောက်ရလားကွယ်။

ဖြေ။ ကျောင်းကိုများသွား ရယ်ဟားဟား လက်ဘက်ကွမ်းစားတယ်။ ငှက်ပျောအုန်းသီး တကာကြီး မြည်းစမ်းပါစေကွယ်။ သည်လို ခေါ်ဆို မျက်နှာချို ထိုပုဂ္ဂိုလ်မှပင့်ခဲ့တယ်။ ကျွန်တော်တို့ရွာ လှူကြတာ သည်လိုချည်းသာပင့်ကြတယ်။

မေး။ အမောင်လှူတာ ဗလချာ တန်ပါဦးတော့ကွယ်။ အင်္ဂါငါးလီ ပဥ္စသီ ဆောက်တည်မြဲလားကွယ်။

ဖြေ။ သီလငါးပါး ကျင့်တရား ပျက်ပြားများခဲ့တယ်။ သက်သတ်ခိုးမှု ကာမေသု တခုမကျန်ပြုခဲ့တယ်။ မုသားသေရည် ဤနှစ်လီ ဝသီရှိတိုင်း ကျင့်ခဲ့တယ်။

မေး။ ဖြစ်ခဲလေစွ လူ့ဘဝ သနားလှတော့တယ်။

ဖြေ။ ကျွန်တော့်ချည်းသာ မဟုတ်ပါ လူတကာလဲ ပျက်ကြတယ်။ မိန်းမတွေဟာ ပျက်လိုက်တာ ဈေးဝယ်တာတောင် ရန်ဖြစ်တယ်။

မေး။ သည်မှတခန်း ရှေ့သို့လှမ်း မေးစမ်းပါဦးမယ်။ ဘုရားတရားသံဃာများ ဝပ်တွားပါလားကွယ်။

ဖြေ။ ဘုရားဖူးများ တဟားဟား ပျော်ပါးရအောင် လိုက်ခဲ့တယ်။

မေး။ လိုက်သောအခါ မြတ်ဗုဒ္ဓါ ကြည်ညိုလှစွာ ဖူးလားကွယ်။

ဖြေ။ ဗုဒ္ဓဂုဏော စိတ်မစော ရယ်မောစားသောက် ပြန်ခဲ့တယ်။

မေး။ မာတာပီတ မိနှင့်ဘ ညွှတ်ခဲ့ရှိလားကွယ်။

ဖြေ။ မညွှတ်ခဲ့ဘဲ ကျွန်တော်လည်း ခံတောင်ဆဲသေးတယ်။

မေး။ မှားစွ မှားစွ မောင်ဗာလ သနားပါဘိကွယ်။ တရားတော်မှာ ဒေသနာ ကြားနာရှိလားကွယ်။

ဖြေ။ စိတ်ကမပါ ရှက်လိုက်တာ လူဆိုမှာကြောင့်နာဘူးတယ်။

မေး။ နာသောအခါ မင်းစိတ်မှာ သဒ္ဓါကြည်နူးရှိလားကွယ်။

ဖြေ။ ဂယောင်ချောက်ချား စိတ်ကသွား တောထဲများတောင် ရောက်သေးတယ်။

မေး။ ပုဂ္ဂိုလ်များစွာ ဟောကြားပါ သည်တခါလားကွယ်။

ဖြေ။ ကျွန်တော်မျိုးမှာ တခါသာ လူမျက်နှာကြောင့်လိုက်သေးတယ်။

မေး။ သည်တခါနာ အမောင့်မှာ ကြည်ညိုပါလိမ့်မည်။

ဖြေ။ တရားလဲချ အိပ်ရေးဝ သရဲပြန်ခဲ့တယ်။ မိန်းမတွေဟာ ငိုက်လိုက်တာ ကျွန်တော့်ထက်တောင် သာသေးတယ်။

မေး။ စံကျောင်းဝိဟာ မြတ်သံဃာ ဆည်းကပ်ပါလားကွယ်။

ဖြေ။ ဆွမ်းမုန့်ငှက်ပျော ကျောင်းမှာပေါ ရောချလိုက်ဘူးတယ်။

မေး။ လိုက်သောအခါ ထေရ်သံဃာ ရဟန္တာလို့ထင်လားကွယ်။

ဖြေ။ ဘုန်းကြီးနားမှာ မရောက်ပါ တော်ရာချောင်မှာ ခိုခဲ့တယ်။

မေး။ ခိုသောအခါ မင်းစိတ်မှာ ကြည်ညိုပါလားကွယ်။

ဖြေ။ ကြည်ညိုဝေးကွာ ကျွန်တော့်မှာ စားစရာသာ ကြည့်ခဲ့တယ်။ သူရယ်ကာပင် ကျိုးမမြင် ဘုန်းကြီးကပင် နှမြောတယ်။ သည်လိုများပေ ကျွန်တော်လေ ဆိုတောင်ဆိုမိတယ်။ ကျွန်တော်ချည်းသာ မဟုတ်ပါ သူတကာလဲ ဆိုကြတယ်။

မေး။ ကျောင်းပစ္စည်းများ အမောင့်အား မစားမသောက် ကင်းလားကွယ်။

ဖြေ။ စားသည့်ထမင်း ဝမ်းတောင့်တင်း ကျောင်းက အနိုင် ဆင်းခဲ့တယ်။

မေး။ စားသည်မယွင်း ကျောင်းတလင်း ခတ်ခြင်း တံမြက် လှဲလားကွယ်။

ဖြေ ။ မလှဲမိပါ ကျွန်တော့်မှာ စားပြီး သောက်ခါ ပြန် ခဲ့ တယ်။ ကျွန်တော်တို့ရွာ လူတွေဟာ သည်လိုချည်းသာ စားကြတယ်။

မေး။ အမောင်ယောကျ်ား မင့်ဖြစ်ငြား သနားပါဘိတယ်။ ဥပုသ်စောင့်ခန်းရှေ့သို့လှမ်း မေးစမ်းပါဦးမယ်။ ဥပုသ်အင်္ဂါ အရိယာဖြူစွာသီလ စောင့်လားကွယ်။

ဖြေ ။ ဘုန်းကြီးများထံ သီလခံ ကြွက်ဆူညံအောင် ပြောခဲ့တယ်။

မေး။ ပြောသောစကား မင်းဖြစ်ငြား တရားကြောင်းလားကွယ်။

ဖြေ ။ လယ်ယာကျွဲနွား ပြောင်း စပါး သားမယားကြောင်းသာ ပြောခဲ့တယ်။ စပ်မိစပ်ရာ ပြောလိုက်တာ နွားချင်းလဲရာ ရောက်သေးတယ်။ စကားမဆုံး တနေ့လုံး အုံးအုံးကြွက်အောင် ပြောခဲ့တယ်။ သည်လိုနှင့်ပင် နေသာဝင် အိမ်လျှင်ပြန်ခဲ့တယ်။ ဥပုသ်စောင့်ရာပြောကြတာ မိုးမရွာ ကြောင်းသာ များကြတယ်။

မေး။ သီလပျောက်ကြား စောင့်လေငြား မိုးကားကွက်ကြား ရွာတတ်တယ်။ မင်းတို့လူ့ဘောင် သီလကြောင် မိုးရှောင်ကွင်းတတ်တယ်။ ဘာဝနာလမ်း ကမ္မဋ္ဌာန်း စီးဖြန်းပါလားကွယ်။

ဖြေ ။ ဘာဝနာလမ်း ကမ္မဋ္ဌာန်း စီးဖြန်းနည်းခဲ့တယ်။

မေး။ တရားစကား အမောင့်အား ဆွေးနွေးပါလားကွယ်။

ဖြေ ။ ဘတ်သည်ဆိုလျှင် ကျွန်တော်ပင် အလွန်မေးချင်တယ်။

မေး။ မေးသောအခါ မင့်စိတ်မှာ ဘာဝနာလားကွယ်။

ဖြေ ။ မဖြေနိုင်က အရှက်ရ နာမည်လှလှ ပျက်အောင်မေးခဲ့တယ်။တခါတခါ ကျုပ်တို့ရွာ စာစကားသာ ပြောကြတယ်။ သင်္ဂြိုဟ်တေးပေါက် ကောက်သင်းကောက် ရောက်မိရောက်ရာ ငြင်းကြတယ်။ ကျွန်တော်ကတောင် တတ်ဟန်ဆောင် ဖောင်ဖောင်လန်အောင် ငြင်းခဲ့တယ်။

**မေး။** ငြင်းသောအခါ မင်းစိတ်မှာ ဘယ်လိုပါလဲကွယ်။

**ဖြေ။** ကျွန်တော်ကပင်ဂုဏ်လိုချင် တတ်သည်ထင်အောင် ငြင်းခဲ့တယ်။ ကျွန်တော်တို့ရွာ လူတွေဟာ စာငြင်းတာနှင့် ရန်ဖြစ်တယ်။

**မေး။** အမောင်ယောကျ်ား လျှောက်စကား အမှားတွေသာ ဖြစ်တော့တယ်။ အားကိုးစရာ ကုသိုလ်မှာ ဘယ်ဟာကိုမှ မရှိတယ်။ တခုကိုမျှ မေးမရ ဝမ်းနည်းလှချေတယ်။ အခမောင့်ဖြစ်ထွေ သနားလေ လူ့ပြည်မယား မကယ်တယ်။ မကယ်ဖြစ်တာ မင်းတခါ ကြမ္မာမှောက်တော့မယ်။ အမောင့်ဖြစ်စုံ အလုံးစုံ အကုန်သနားတယ်။

**ဖြေ။** ယမရာဇာ မေးသောခါ ခမျှာမှိုင်တော့တယ်။ သည်သောအခါ ငရဲရွာ ဆွဲကာချတော့တယ်။

**[ယမမင်းထံ အစစ်ခံသံပေါက် ဉှိတွင်ပြီးပြီ]**

စစ်ကိုင်းတောင် ရွှေစေတီ သာသနာ့ ရိပ်သာ

### ရွှေစေတီဆရာတော် မြန်မာပြန်သည့်

# ဆဆက္ကသုတ္တန်

## ပါဠိတော်နှင့်မြန်မာပြန်

ဤ ဆဆက္ကသုတ္တန် ဒေသနာတော်သည် ဝိပဿနာအရာတွင် အလွန် အရေးပါအရာရောက်သော ဒေသနာတော် ဖြစ်သည်။ ဝိပဿနာ ရှုသင့် ရှုထိုက်သော တရားတော်သက်သက်ကိုသာ ဟောထားသည်။ ဤ ဒေသနာတော်ကို ပိုင်ပိုင်နိုင်နိုင် သိထားလျှင် ဝိပဿနာအရာတွင် အရေးပါ အရာရောက်လှပေသည်။

ရွှေစေတီဆရာတော်ဘုရားကြီး ပုံတော်ဖြင့် ထွက်နေပါပြီ။

[ တအုပ် ၈ ကျပ် ]

အမြို့မြို့ စာအုပ်ဆိုင်များတွင် မေးဝယ်ပါ၊ မရပါက
စာပေလောက ၁၇၃၊ ၃၃-လမ်း ရန်ကုန်သို့
စာအုပ်ဘိုးကို ငွေပို့လွှာ ပို့၍ မှာကြားနိုင်ပါသည်။

ဓမ္မဒါန ပေးလှူလိုသူများအတွက်
အထူးနှုန်းဖြင့် ရပါသည်

# ဓမ္မဒါနကောင်းမှုရှင်

ဖြန့်ချီရာဌာန

စာပေလောကစာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃-လမ်း၊ ရန်ကုန်မြို့။
(ဖုံး-၇၄၃၉၁)